
တာပေလမ်း
ရွှေကူမေနှင်း

အခန်း(၁)

# ရွှေကူမေနှင်း

# စာပေလမ်း

# အမှာ စာ

နှစ် ပေါင်း ၆ဝ ဟူသော စာအုပ်ကြီးကို ငယ်ငယ်ကပင် စွဲလန်းဖူး၏။ စာရေး ဆရာမကြီး ဒဂုခင်ခင်လေး၏ ကိုယ်ပိုင်အတွေ့ အကြုံများ ဖြစ်သည်။ ကျွန်မကိုယ်တိုင် ကလောင်ကိုင်ပြီး စာရေး သူဘဝရောက်ခဲ့သော အခါ အဆင်မပြေမှုများ မခံချင်စရာများ တွေ့ တိုင်း “ငါ …နှစ် ပေါင်း ၆ဝ ရေး တဲ့အခါ ထည့်ရေး မယ်” ဟု တေးမှတ်ထားခဲ့သည်။

တကယ်တမ်းတွင် ကား နှစ် ပေါင်း ၆ဝ မတိုင်မီပင် ရေး ဖြစ်၏။ နှစ် ပေါင်း ၆ဝ အထိ နေချင်မှ နေရမှာ ဟု စိုးရိမ်၍ ဖြစ်နိုင်ပါသည်။ ၁၉၈၈ ခု ဧပြီလ၊ မြတ်လေးမဂ္ဂဇင်းမှာ ‘စာပေလမ်း”ခေါင်းစဉ်ဖြင့် စတင်ရေး သားခဲ့၏။ အမေကြီးဒေါ်မြတ်လေးက ဂမ်းမြောက်ဂမ်းသာဖြင့် လစဉ်ထည့်ပေးရန် စီစဉ် ထားခဲ့သည်။ သို့ သော် ၁၉၈၈ ဧပြီ မေ ဇွန် သုံးလသာရေး ရသေးသည်။ ဘဝသည် ရေစီးကြောင်း ပြောင်းသွား ခဲ့၏။ ရေစီးသန်သော မြစ်ထဲတွင် ဆန်လိုက်၊ စုန်လိုက်၊ ဂဲထဲမြုပ်လိုက်၊ ပြန်ပေါ်လိုက်၊ သော င်စပ်မှာ တင်နေလိုက်နှင့် “စာပေလမ်း” ကို လုံးဝဥပေက္ခာပြုထားခဲ့သည်မှာ ၇ နှစ် တိတိ။

၁၉၉၆ ခုမှာ မှ ကလောင်ပြန်ကိုင်နိုင်ခဲ့သည်။ ဤတွင် မှပင် ‘စာပေလမ်းကို ပြန်ဆက်သည်။” ဤအခါ “မြတ်လေးမဂ္ဂဇင်း” မရှိတော့။ အေဂုံးရောက်မောင်ငယ်တစ်သိုးနှင့် သျှားထက်နိုင် (ဘူမိ ဗေဒ) တို့က ကျွန်မအိမ်ရောက်လာပြီး သူတို့ “နှင်းဆီ မဂ္ဂဇင်” ဆိုပြီ ထုတ်မည် ။ ကြိုက်တာရေး ပါဆို သဖြင့် စာပေလမ်းကို နှင်းဆီမှာ ထည့် ဖြစ်။ ‘ဖြောင့်ချက်” ဟူသော

ခေါင်းစဉ်တပ်ခဲ့သည်။

သိပ်မကြာချေ။ သျှားထက်နိုင်၏ နှင်းဆီကြွေသွားပြီ ရုပ်ရှင်စတား” ကို ပုံဖော်သည်။ ထို အခါ စာပေလမ်းသည် ရုပ်ရှင်စတားထဲ ဝင်သွားလေသည်။ ခေါင်းကို “အရင်တုန်းက” ဟုပြောင်း ခဲ့သည်။ ရုပ်ရှင်စတားမှာ လည်း လပေါင်းများ စွာရေး ပြီးမှ ကိုသျှားကလည်း တစ်နေရာ ပြောင်းသွား ပြန်သည်။ စာပေလမ်းကို မဆက် ဖြစ်ချေ။ အတော် ကြီး ကြာသော အခါ ဝေဒမဂ္ဂဇင်းမှ ဆရာဒဂုန် နှင့် သမီးခင်သဇင်တို့က စာပေဆောင်းပါးများ ထည့်လို၍ ရေး သားပေးပါရန် တောင်းဆိုကြရာ ပြတ်ခဲ့ သော စာပေလမ်းကို ဆက်လိုက်သည်။ ‘စာပေလမ်း” ဟု မူလခေါင်းစဉ်အတိုင်းပေးခဲ့သည်။ စိတ် တိုင်းကျ စိမ်၍ ရေး သားခဲ့သည်။ အားလုံး ပေါင်းလိုက်သော အခါ ဆောင်းပါးပေါင်း ၅၀ နီးပါ၊ ကာလအပိုင်းအခြားက ၁၅ နှစ် ။ နည်းနည်း နောနော မဟုတ်ပါလား။ စုပေါင်းထုတ်တော့မည် ။

အားလုံးတည်းဖြတ်ပြင်ဆင်ပြီး စာအုပ်အ ဖြစ်ရုံတင်တင်၊ အဖုံးတင်၊ ဖလင်အပ်ခါနီး မှ စာအုပ်ထုတ်ရန် ရည်ရွယ်ထားသော အရင်းအနှီးအားလုံး တရားမဝင်အပ်နှံငွေဘဂအ ဖြစ် ဆုံးရှုံး သွားခဲ့လေသည်။ တစ်ချိန်တည်းမှာ ပင် ယွန်းသေတ္တာတစ်ခုနှင့် အမြတ်တနိုး စုဆောင်းခဲ့သော အဖို တန်ရတနာများ ပျောက်ဆုံးပြန်သည်။ စာပေလမ်း ရုံးကျပြီးဖိုင်ကြီးနှင့် CD ချက်ကို ဘီရိုထဲ ပစ်ထည့် လိုက်ရတော့၏

အဲဒါ.... ၃၀၀၃ ခုနှစ် ကပါ။

နောက်ပိုင်း စာအုပ်တွေ အများ ကြီးထုတ် ဖြစ်သော်လည်း ဆယ်ချိုးဖောင်အစိပ်ရှိသော စာပေလမ်းဖိုင်ကြီးကိုမည် သူမျှ မပြခဲ့။ အရင်းအနှီးကြီးသော သည်စာအုပ်ကို ဘီရိုထဲမှာ ပဲ ထား ်တော့မည် .. ဟု အခါခါ အားငယ်မိ၏ ။ ကျွန်မ လက်ထပ်စဉ်က တရားသူကြီးရှေ့မှာ သက်သေ ဖြစ် လက်မှတ်ထိုးပေးခဲ့သော ဦးတင်မောင်သန်း နှင့်ဇနီး နီနီတို့နှင့် ပြန်ဆုံသော အခါ သူတို့က ရအောင်စာ (၂) အမည် ဖြင့် စာအုပ်တွေ ထုတ်နေပြီ။ သံယောဇဉ်ဟောင်းကို

နှမြောစိတ်ဖြင့် ကျွန်မ ၏ ဝတ္ထုတိုများ “ပိန်းရွက်ပေါ်မှာ မိုးစက်များ ” ကို သူတို့ ထုတ်ခဲ့ကြသည်။

ယခု

ကျွန်မ ဖိုင်ကြီးကို သူတို့လက်ထဲ အပ်လိုက်ပါပြီ။

စာဖတ်ပရိသတ်များ ထံ ဤစာအုပ်ရောက်ရှိခြင်းသည် သူတို့ဇနီးမောင်နှံ၏ ကျေးဇူး ဖြစ်ပါ သည်။

“ရွှေမန်းတင်မောင်ဟာ ကရင်း သေသွားခဲ့သလို ရွှေကူမေနှင်းဟာလည်း စာရေး ရင် သေမယ်” ဟု ကြုံးဝါးရင် မသေသေးသမျှ ကာလပတ်လုံး ကျွန်မ၏ စာပေလမ်းကား ဆုံးဦးမည် မဟုတ်ပါ။ ဒါကတော့ သေချာလှပါသည်။

**ပြည်သူ့အတွက် ထာဝရ...**

**ရွှေကူမေနှင်း**

**၂၀၀၈၊ ဩဂုတ်လ (၁၆) ရက်။**

*

## သန္ဓေဦး

ခြေအစုံလက်စုံဖြင့် ပေါင်းပြည့်မွေးဖွားသော ကလေးငယ်တိုင်း အမိဝမ်းတွင်း ၌ ကလလရေ ကြည်တည်ကာ အသွေးအသား၊ အကြော အရိုးတို့ကို တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်ခဲ့ကြရ သူချည်း ဖြစ်၏ ။

“ရွှေကူမေးနှင်း” ကို ၁၉၅၅ ခုနှစ် မတ်လ ၁ ရက်နေ့က ခြေအစုံ လက်အစုံဖြင့် မွေးဖွားခဲ့ပါ သည်။

၁၉၅၂ ခုနှစ် ဇာတာသက် ၁၂ နှစ် အတန်းပညာ ပဥ္စမတန်း နွေခေါင်ခေါင် တစ်နေ့မှာ ရွှေ ကူမေနှင်း ဖြစ်မည့် ကလလရေကြည်သည်..

“အမေ.. ခေါင်းမူးလို့ သမိးသွားရောင်းကွယ်”

အမေက ပြုံးပြီး စကားဆိုလာသည်။

မိစံ ခေါင်းခါ၏ ။

မိစံက မိသာစုထဲမှာ ခေါင်းအမာဆုံး စိတ်အကြီးဆုံး အမိုက်ဆုံးပဲ ဆိုကြပါစို့။

ကလေးဘဝငိုလျှင် “ဟဲ့ တိတ်” ဟုပြော၍ များ ဘယ်တော့မှာ နားမထောင်။ ပြန်ပြောပုံ ကိုကြည့်။ ‘ဘယ် ချက်ချင်း တိတ်လို့ရမလဲ သူ့အရှိန်နဲ့ သူ တိတ်မှာ ပေါ့”တဲ့ အလွန် အမြင်ကပ်စရာ ကောင်းသော ကလေးမ။

သည့်ထက်ငယ်တုန်းက ပိုဆိုးသေးသည်ဆိုပဲ။ အမေ ပြောစမှတ်ပြုသော မိစံငိုပုံများ ထဲမှာ ..

“ငိုပြီဆိုမှဖြင့် ပြောမရ၊ ချော့မရ၊ မျက်ရည်တွေ ကျ၊ နှပ်ချေးတွေ ကျ၊ တစ်ခါကလည်း သူ ငိုတော့ နှပ်တွေ တွဲ ကျတာ မြင်မကောင်းလို့ အမေက ညှစ်ပစ်ပြီး လွှဲပစ်လိုက်တော့ တိုင်မှာ သွားကပ်နေရော အဲဒါကို ဆတ်ဆတ်ခါပြီး “ငါ့ နှပ်ချေး ပြန်တပ်ပေး ငါ့နှပ်ချေး ပြန်တပ်ပေး” ဆိုလို့ နောက်ဆုံး နားငြီးတာနဲ့ တိုင်က နှပ်ချေးကို ပြန်ယူပေးလိုက်ရတယ်။ တိတ်ကရော”

အမေတို့က ရယ်စရာပြန်ပြောတိုင်း မိစံက ငါတယ်ဟုတ်ပါလားဟု ထင်ခဲ့သည်။

ကြီးတော် တစ်ဦးကတော့ မိစံ အပျိုပေါက်ဘဝ လူစုံလျှင် “အဲဒီကောင်မလေး ငယ်ငယ်က ငိုရင် ဖျာတစ်ချပ်ကုန်တယ်” ဟု ဖောက်သည်ချလေ့ရှိ၏ ။ ဟီးဟီးနှင့် အီးလေးဆွဲငိုရင်း လက်က အငြိမ်မနေ။ ခင်းထိုင်ထားသော ဖျာမှ (ဖျာအ စ စုတ်လျှင်) ဖျာများ ကို တစ်စချင်း ဆွဲနုတ်နေတတ်သည်။ (တစ်ချပ်ကုန်သည်ဆိုကတော့ ကြီးတော် ပိုတာ ဖြစ်မည် ) ဤနှယ်

ခေါင်းမာသော မိစံ။

အခု အမေက ဈေးရောင်းခိုင်းသည်။

ခေါင်းခါနေ၏ ။

အမေရောင်းခိုင်းသည်မှာ ကောက်ညှင်းပေါင်းထုတ် ဖြစ်၏ ။

အဖေသည် အမေနှင့်တကွ သားသမီးခြောက်ယောက်ကို လောကထဲ ထားခဲ့ပြီး ထွက်သွား ခဲ့သည်မှာ ကြာပြီ။ မိစံ ကိုးနှစ် သမီးကတည်းက မောင်အငယ်ဆုံးက တစ်နှစ် ခြောက်လ၊ အစ်မကြီးဆုံးက ဆယ့်ရှစ်နှစ် သမီးနှင့်အိမ်ထောင်ပြုသွားပြီ အမေသည် ပီဘီတောသူ၊ ပျိုးနှုတ်သူ၊ ကောက်စိုက်၊ စပါးရိတ် ဒါပဲတတ်၏ ။

အဖေက သစ်တောအကောက်စာရေး ကြီး။

အဖေရှိစဉ်က တပည့်တပန်းတွေ နှင့် ဘာမျှ မပူရ။ အဖေက အမေ့ထက် ၁၈နှစ် လုံးလုံး ကြီး သည်။ အမေ့အသက်လေးဆယ်မပြည့်မီ အဖေ ငါ့ဆယ်ခုနစ်နှစ် တွင် ဒူလာရောဂါဖြင့် ကွယ်လွန်ခဲ့ လေသည်။

အမေသည် ဘာမှပြင်ဆင်မှုမရှိ။ ဘာမှမလုပ်တတ်။ လက်ထဲမှ အိမ်တစ်လုံး သမီးတွေ နားတစ်ရံစီ ဤမျှသာ။

အမေ ထဘီပြင်ဂတ်သည်။

ကလေးငယ်ကို ကျောပိုးသည်။

အထမ်းတောင်းကို ပြင်သည်။

ကျေးတောမှာ အမေ့အမျိုးတွေ ရှိ၏ ။

အမျိုးတွေ အားကိုးနဲ့ မြို့ပေါ်က ပဲလှော်အစ လျက်ဆားအစ ခေါက်မြှုပ်ပေးဂယ်ပြီး တောမှာ ဆန်နှင့်သွားလဲသည်။ ဆန်ပါလာတော့ တချို့ကို

ပြန်ရောင်း တစ်ချို့ကို ချက်၊ ဟင်းဖိုးလည်း လုပ်၊ အရင်းလည်း ပြန်ဆပ်။

ကလေးနို့ မခွဲရသေးသဖြင့် ကလေးနို့စို့ကို ပိုးရ၏ ။ တောင်းထဲထည့် ထမ်းရ၏ ။ ဈေးရောင်း တုန်း ထိန်းဖို့ အကူအညီအ ဖြစ် မိစံ လိုက်ပါရလေသည်။

ရွှေကူနှင့် ခုနစ်မိုင်ကွာသော လယ်တောများ တွင် မိစံတို့သားအမိ ဈေးရောင်းရင်း သီချင်း လည်း ဆိုခဲ့သည်။ အဖေ့လွမ်းချင်းကိုလည်း ကြားခဲ့ရသည်။

တစ်ခါမူ..

အမျိုးများ ပေးလိုက်သော ကောက်ညှင်းပေါင်း ဆန်နှစ် ပြည်နှင့် နှစ် ပြည်တောင်း ခေါပုတ် များ ကို ထမ်းပြီး မိစံပျော်လာသည်။ လယ်ကန်သင်းရိုးကို ဖြတ်သော အခါ ပခုံးကညောင်း၊ ခါးက မြက်၏ ။ အမေက မောင်လေးကိုတောင်းတစ်ဖက်မှာ ဆန်များ ကို တောင်းတစ်ဖက်မှာ ထမ်းပြီး ရှေ့ သွားနှင့်သည်။

ရှေ့မှာ ရိုးပြတ်တော့သည် မျက်စိတစ်ဆုံး။

ပခုံးပေးမှာ လေးလာသည်။

အမေက ရှေ့မှာ ဝေး၍ ဝေး၍ သွားပြီ။

ကန်သင်းဘေး လက်ပံပင်ကြီးပေါ်မှ ချိုးငှက်ကလေးတစ်ကောင်က ကူနေသည် မိစံ ငိုချင် လာသည်။

အဖေမရှိလို့ ပင်ပန်းတာဟု အဖေ့ကိုလွမ်းသည်။ အမေ့ကို မစောင့်ကောင်းလားဟု နွဲ့ချင် သည်။ လေးလည်း လေးလှပြီ။ ထားပစ်ခရမှာ လည်း နှာမြော။

ကန်သင်းဘေးမှာ မိစံ ခွေလဲရှာ၏ ။ ငိုနေလိုက်သည်။

အကြာကြီးနေမှ အမေ လှည့်ကြည့်ပုံရ၏ ။

အမေ အထမ်းချပြီး ပြန်လှည့်ကြည့်လာသည်။

မိစံကို မချော့ချေ။ ရယ်မောပြီး ပြောသည်။

"ငါ့သမီးက ပျော့လိုက်တာ။ ဒီလိုဆို အမေ့လို ထမ်းပြီးလုပ်စားနိုင်မှာ မဟုတ်ဘူး ပညာသား ကြိုးစားပေတော့။"

တစ်ခုသော လယ်ကန်သင်းရိုးပေါ်မှာ ...

စာတစ်လုံးမှ မတတ်သော အမေပြောခဲ့သည့်စကား

မိစံ ကောင်းကောင်း သဘောပေါက်သည်။

စာကြိုးစား၏ လေးတန်းစကောလားရှစ်ရလေသည်။ ငါးတန်းမှာ အတန်းတင်စာမေးပွဲ ဖြေရန်မလိုဘဲ အတန်းတက်ရ၏ ။

နွေ...

နွေရောက်လျှင် ကျေးတောမှာ ဈေးမရောင်းရတော့ပေ။ ကျေးတောသားများ သည် သူတို့စပါးများ ကျီထဲ ထည့်ပြီးလျှင် ထုတ်ရမှာ ဂန်လေး၏ ။ ဖိတ်တုန်း စင်တုန်း တလင်းထဲမှာ သာ ဂယ်ကြခြမ်းကြတာကိုး။

သည်တော့ နွေရောက်လျှင် မြို့ထဲမှာပဲ ဈေးရောင်းရ၏ ။ အစက မုန့်ပြားသလက်လုပ် ရောင်းသည်။ မုန့်ပေါင်းလုပ်ရောင်းသည်။ ပြီးတော့ ကောက်ညှင်းထုတ်။

ခြံထဲမှာ ငှက်ပျောပင်တွေ ရှိသဖြင့် ငှက်ပျောဖက်က လွယ်သည်။ ကောက်ညှင်းဆန်နှင့် ငှက်ပျောသီးကို ငှက်ပျောဖက်ထဲ ထည့်ထုပ်ပြီး နှစ်ရေခမ်းအောင်ပြုတ်ရသည်။ မီးထိုးရတာ လည်း ပင်ပန်းသည်။ ထင်းရှာဂုတာလည်း ပင်ပန်းသည်။ မတတ်နိုင်။ ကောက်ညှင်းထုပ်ရောင်းပြီး အမြတ် ကေလးကို ဟင်းဖိုးလုပ်ရသည်။

သည်နေ့ အမေ ဈေးရောင်းမထွက်နိုင်။

နေကလည်း ပူလှသည်။ ကောက်ညှင်းထုပ်တွေ ကလည်း လင်ဗန်းကြီးထဲမှာ အငွေ့ တစ်ထောင်းထောင်း။

အမေ ငိုနေသည်။

မိစံက ခပ်မာမာ

'ကဲပါလေ ငါ့ဘာသာပဲ သွားပ့ါမယ်"

ပိုဆိုးပိုင်းလေး ခေါင်းခုလုပ်ရင်း အမေပြော၏ ။ မိစံ ရင်အေးသွားသလိုလိုရှိသည်။ အမေ ဘာမှ မပြောတော့။ ဈေးဗန်းကို ခေါင်းပေါ်တင်ကာ နေပူကြီးထဲ ထွက်သွားသည်။

"ကဲ ဒီက ကောက်ညှင်းထုပ် ပူပူနွေးနွေး"

ကွဲအက်အက် အမေ့အသံကို ကြားရ၏ ။

ရွာလယ်ပိုင်းအထိ အမေ့အသံ ကြားရ၏ ။

အမေသွားရပြီနော်။ ငါလည်း မသွားချင်ဘူး။ ကဲ ဒီက ကောက်ညှင်းထုပ် ပူပူနွေးနွေး လို့ အော်ရမှာ သိပ်ရှက်တာပဲ။

"ကဲ ဒီက ကောက်ညှင်းထုပ် ပူပူနွေးနွေး"

အော်အီ အီးအွတ်

နေပူလေပူထဲတွင် အမေ့အသံနှင့် သံစဉ်အညီ ရွာလယ်ပိုင်းက ကြက်ဖကြီးတစ်ကောင်း တွန်သံကို ကြားလိုက်ရသည်။

ဩော် အမေ အမေ

နေပူပူကြီးထဲ ခေါင်းမူးလျက်နဲ့ သွားရပြီ။

အဖေမရှိလို့ပေ့ါနော်။ အဖေရှိတုန်းက အိမ်ထဲနေရတာ ။ အခုတော့ အဖေမရှိလို့ တို့ဆင်းရဲရ ပြီ။ မမကြီးပြောပြတဲ့ ဇတ်တွေ ထဲက မမလေးငှားလာတဲ့

ဝတ္ထုတွေ ထဲကလိုပေါ့နော်။ ဟိုလေ.. မိုးအောက်မြေပြင် ဆိုတဲ့စာအုပ်ထဲမှာ နှင်းနှင်းရယ်၊ နှင်ဥရယ်၊ တာတီးရယ်လေ။ မောင်နှမသုံး ယောက်။ အဖေလည်းမရှိ။ အမေလည်းမရှိ။ စာရင်းငှားလိုက်ပြီး စားရတာ ။ ထမင်းပွဲမှာ လက်ပံခေါင်းနဲ့ ဆီးသီးချဉ်ရယ်၊ တစ်မည် တည်း။ တာတီးက ဘာမှ နားမလည် ဘူး။ မြေပိုင်ရှင်ကြီး သား ရှင်ပြုတော့မယ်ဆိုတော့ သူလည်းပြုချင်တယ်။ အစ်မကို ပူဆယ်တယ်။ အစ်မက အေး ပြုပေး မှာ ပေ့ါ မောင်လေးရယ်လို့ ချော့တယ်။

အဲဒီ နေ့ပဲ ရှင်ပြုအတွက် ရွှေထီးတွေ ဟိုဘက်ရွာမှာ သွားငှားရမယ်ဆိုပြီး တာတီး ဘုန်း ကြီး ကျောင်းသားက လိုက်သွားတယ်။ အပြန်မှာ ရိုးပြတ်ကွင်းကို နေပူပူနဲ့ဖြတ်လာ၊ သူငယ်ချင်း ဘုန်းကြီးကျောင်းသားတွေ နဲ့ တပျော်တပါး ပြန်လာပြီး ချောင်းထဲ ရေဆင်းကူး။ အပူရှပ်ပြီး ဖျားပါ လေရောလား။ ဖျားလိုက်တာ ပြန်မကျဘူး။ နောက်သုံးရက်ထင်တယ် ကြာတော့ မြို့ပိုင်ရှင်ကြီး သားတွေ ဗျောသံတညံညံနဲ့ အလှူလှည့်တဲ့အချိန် တာတီးက ဆုံးပါလေရော။ နှင်းနုတို့ ငိုလိုက်ကြ တာ။

“ရှင်ပြုချင်ပေမယ့် မပြုခဲ့ရဘူး။ ခုတော့ သူများ ရှင်ပြုဖို့ ရွှေထီးငှားပေးရတာ နဲ့သေရပြီ” ဆိုဆို ပြီး ငိုတာ။ ဩော် .. ဆင်းရဲလို့ ဆင်းရဲလို့ ငါတို့ မောင်နှမတွေ ဆင်းရဲလို့ ခုလို ဖြစ်ရတာ အင်း ငါလည်း သူတို့ မောင်နှမတွေ အကြောင်း စာရေး ထားသလို ငါတို့ဆင်းရဲတဲ့အကြောင်း ရေး ကြည့် ဦး မယ်။

ဤသို့ ဖြင့် မျက်ရည်စလေးသုတ်၊ ပဋ္ဌမတန်းသုံး ဗလာစာအုပ်လေးထုတ်ခဲတံကိုလေး တံတွေ းဆွပ်ပြီး ကိုယ့်ဘဝအကြောင်း စာစီကုံးလိုက်လေသည်။ တစ်မျက်နှာခန့်။

ထိုစာစုလေးသည် ပုံနှိပ်စာလုံးအ ဖြစ် ရောက်ရှိမလာခဲ့သော်လည်း နောင်သုံးနှစ် ကြာ သော အခါရှစ်တန်းကျောင်းသူဘဝ အသက်ဆယ့်ငါးနှစ် အရွယ်ရောက်တော့ ၁၉၅၅ ခုနှစ် မတ်လ ၁ ရက်ထုတ် တိုးရင်းမဂ္ဂဇင်းမှာ ပုံနှိပ်ခြင်းခံရသော ‘ချောကလက်” ဆိုသည့် ဝတ္ထုတိုလေး ကို ရေး သားနိုင်စွမ်း

ရှိစေခဲ့သော လက်မွန်အစ ပထမစာမူပင် ဖြစ်ပါ၏။

ကလလရေကြည်တည်း။

**မြတ်လေးမဂ္ဂဇင်း၊ ၁၉၈၈၊ ဧပြီလ**

*

## အိပ်မက်ဦး

မိစံ ငိုချင်နေသည်။

မြစ်ကမ်းနံပါးတစ်လျှောက် မြေညီလမ်းမှာ တစ်လှမ်းချင်း လျှောက်ရင်းစိတ်က ကိုယ်မှာ မနေ။ မြစ်ရေလျှဉ်နှင့်အတူ စုန်ဆင်းလိုက်၊ လှိုင်းကလေးများပေါ် ခိုစီးလိုက်၊ သော င်ပြင်ထက်ဂယ် ဲပျံလိုက်၊ ကောင်းကင်အမြင့်ရှိ တိမ်တိုက်များ ဆီ ပျံတက်လိုက်နှင့်။

သနားဖို့ ကောင်းလိုက်တာ

ဖြစ်မှ ဖြစ်ရလေနော်။

လက်ထဲက စာအုပ်ကို ဆုပ်လိုက် ဖြန့်လိုက်။

မျက်လုံးထဲမှာ မျက်ရည်ဟု မဆိုနိုင်သော မျက်ခိုးမျက်ငွေ့တွေ တေဂဝေ။

မမကြီးက အပြောကောင်းမွန်းသည်။

မမကြီးက အဖေမဆုံးခင်ကပင် အိမ်ထောင်ကျခဲ့သည်။ မမကြီးနေသော ရွာက မိစံတို့နေ သော ရွှေကူမြို့မှဆိုလျှင် သုံးမိုင်လောက် ဝေးသည်။ “တောပုန်းရွာ” ဟုခေးသည်။ စစ်ပြီးကာစက အဖေသည် ထိုရွာကို ပုန်းခိုရာအ ဖြစ် ရွေးချယ်ခဲ့သည်။ စစ်ပြီး၍ မြို့ပြန်သော အခါ အဖေ့သမီးကြီးက စစ်ခိုရုံမက ဘဝတစ်ခုလုံးပါ ခိုကိုးဖို့ အတွက် ထိုရွာမှာ နေရစ်ခဲ့လေသည်။

အဖေမရှိတော့သော အခါ..

မိစံ စိတ်ကောက်တိုင်း မမကြီးကိုသတိရသည်။ အမေသည် မိစံကို အလိုလိုက်လေ့မရှိ။ မိစံက အလွန် နွဲ့ချင်သည်။ အိပ်ရာကနိုးလျှင် အမေကိုယ်တိုင်လာချီတာကို အမြဲခံချင်သည်။ ကိုယ့်အောက်မှာ ညီမတစ်ယောက်။ မောင်တစ်ယောက်ရှိပြီဆိုတာ သိပေမယ့် နွဲ့ချင်တာကတော့ နွဲ့ ချင်တာပဲလေ။ နိုးလာသည်နှင့် အမေ့ကို တမ်းတသည်။ အလုပ်အားလျှင် ကြည်သာနေလျှင် အမေ က ချော့မော့ခေါ်ငင်တတ်သော်လည်း အမြဲတစေ အမေက မကြည်သာ။ တစ်ခါတစ်ခါ ကျော ပြင်ကို ဖျောတင်တတ်သည်။ သည်အခါ မိစံ ဝမ်းနည်းနေ၏ ။ မိစံ ဆန္ဒက “လာ လာသမီး” ဟုအချော့ခံချင်သည်လေ။

ခုတော့

မိစံ ငိုတတ်လာသည်။

အခြေအနေကို လက်မခံချင်။

အဖေရှိတုန်းကတော့ အမေဆူလျှင် အဖေ့ဆီ ပြေးပြီးတိုင်နေကျ။ တစ်ခါတုန်းကများ မိစံ သူငယ်ချင်း စီစီနှင့် ငယ်ငယ်က သန်းတွေ မနိုင်သဖြင့် ခေါင်းတုံးရိတ်ကြရာ မိစံအားကျပြီး ခေါင်းတုံး ချင်သည်ဟု အမေ့ကို ပူဆာသည်။ မိစံဆံပင်က တစ်ထွေးကြီး။ ဆံရစ်ဂိုင်းလုလုကြီး နားမည် ဘူး။ သူများတွေ ခေါင်းတုံးတယ် ကိုယ်လည်း တုံးချင်တယ်လေ။

အမေ့ကိုပူဆာသည်။

အမေက ငါးဆိုင်နေဆဲ။

ဆံပင်ခေါင်းတုံးချင်တယ် တုံးပေး”

လီလေးဆွဲပြီး ပြောတော့ အမေစိတ်မရှည်။ လက်ထဲက ဓားမကြီးဖြင့် “ကဲဟယ် ကဲဟယ် ဟု မိစံခေါင်ကိုနှိမ်ကာ လည်ဂုတ်ပေါ် ဓားတင်လိုက်လေသည်”

စပ်ဖျင်းဖျင်း ဖြစ်သွားသည်။

"အောင်မယ် လေး အမေ သတ်တယ်"

ချက်ချင်း ထပြီး ခေါင်းရင်းခန်းမှာ အိပ်နေသည့် အဖေ့ထံပြေးသည်။ မျက်ရည်စက်လက်နှင့် တိုင်သည်။ မိစံဒဏ်ရာ စပ်ဖျင်းဖျင်းကို လက်ဖြင့်စမ်းပြီး အဖေက ပိုက်ဆံတစ်မတ်ပေးသည်။ မိစံပျော်သွားသည်။ ဗျောက်အိုးဖောက်နေကြသော သီတင်းကျွတ်ခါနီး အချိန်မို့ ဗျောက်အိုးပြေး ဝယ်သည်။ ခါတိုင်း မုန့်ဖိုးတစ်ပဲသာရနေကျ။ ခု လေးပဲကြီးများ ရတာ မို့ ပျော်ဖို့ကောင်းလေစွာ။

ဗျောက်အိုးက တစ်မတ်ဖိုး ဝယ်လိုက်သည်။ အဖေကြားလောက်အောင် အဖေအိပ် နေသော ခေါင်းရင်းခန်းနှင့် ကပ်လျက် အိမ်အောက်မှာ ဖောက်လိုက်သည်။ မိစံ ပျော်နေတာ အဖေ သိပါစေ။

သို့ သော် အဖေက မိစံပျော်တာကိုအပြစ်မြင်သည်။ အိပ်နေတဲ့ နားလာလုပ်ရလားဟု ခေါ်ပြီး ဆူလေသည်။

သြော် အဖေ ဒူလာရောဂါနှင့် အိပ်ရာထဲလဲနေတာ မိစံ သိမှမသိဘဲ အဖေရယ်။ မိစံက ပျော်လို့ပါ။

အဖေ ဆုံးပြီးသော အခါ...

တိုင်စရာ လူမရှိတော့ပြီ။

မမလေးကတော့ အလိုလိုက်ပါ၏ ။ သို့ သော် မမလေးက မအားတာများ သည်။ တစ်ခါ တစ်ခါ ဘယ်ပျော်နေမှန်းမသိ။

မမကြီးကို လွမ်းလာသည်။

မမကြီးက မိစံအတွက် ဆွယ်တာထိုးပေးတတ်သည်။ မီးပုံးပျံအကျႌမှာ အိပ်ပြာလေးများ ပန်းထိုး ပေးတတ်သည်။ မမကြီးက မုန့်လည်း အမျိုးမျိုးလုပ်တတ်၏ ။

အမေဆူသော နေ့များ တွင် သုံးမိုင်ဝေးသော မမကြီးရွာသို့ မိစံ တိတ်တိတ်ကလေး ပြေး သွားတတ်ခဲ့သည်။

မမကြီးက ထမင်းကျွေးသည်။ ပုံပြောပြသည်။ မမကြီးဟင်းတွေ က အမြဲစားကောင်း၏ ။ မမကြီးပြောပြသော ပုံပြင်ကလည်း လွမ်းစရာကောင်းသည်။ မမကြီးက သမီးဦးလေး အပြင်းဖျားပြီး သေသွားသော အခါ စောင်စုတ်ကလေးနှင့် ထုပ်ပြီး မြေမြှုပ်လိုက်ပု ပြောပြချိန်၌ မိစံ မျက်ရည်တွေ ကျရင်း နားထောင်ကောင်းခဲ့သည်။

"အို .. မောင်ချစ်တဲ့ နှမရဲ့ မောင်ပြန်လာပြီလေ။ မောင့်ကို ထကြည့်ပါဦးလား"

ဟူသော အလောင်းပိုက်ခန်းပါသည့်ပုံပြင်ဆိုလျှင် မိစံဘယ်လို စွဲလန်းမှန်းမသိ။

" ကောင်မလေးက သူ့ချစ်သူ ပြန်မာလို့ မျှော်နေတုန်း သူ့ကိုပိုးနေတဲ့ ကောင်လေးက အဲဒီ ချစ်သူ လက်ထပ်သွားပြီလို့ ပြောပြတာနဲ့ တကတည်း သတ်သေလိုက်တာတေ လ ချစ်သူ ကောင် လေးလည်း ပြန်လာရော ဒီမှာ က အလောင်းပြင်ထားပြီး အဲဒိမှာ ငိုတာပေ့ါ။ အို ..မောင်ချစ်တဲ့ နှ မရဲ့ မောင်ပြန်လာပြီလေ မောင့်ကိုထကြည့်ပါဦးလား"

မမကြီးက ကွက်စိပ်ဆရာထက်ပင် အမူအရာ အသံနေအသံထား ကောင်းသေးသည်။ မိစံ မျက်စိထဲမှာ အလောင်းပိုက်ခန်းကို မြင်လာသည်။ ကောင်မလေးက ဖျားနာပြီး သေသလို ပိန် ညှောင်မနေ။ လှလှပပ ပြည့်ပြည့်ဖြိုးဖြိုး။ အို.. နှမြောစရာ ကောင်းလေခြင်း၊ သည်လို ချစ်သူ ပြန်လာမယ်မှန်းသိရင် ဘယ်သတ်သေမလဲ။ ငါသာသိရင် ပြေးပြီး ပြောချင်ရဲ့။ မသေနဲ့ ပြန်လာမှာ မို့။ ဟိုကောင် ကုန်းတိုက်တဲ့သူ သေပါစေတော် ။

မိစံက လှုပ်ရှားနေသည်။

ဝမ်းနည်းလိုက်၊ အားမလို အားမရ ဖြစ်လိုက်၊ ဒေါသ ဖြစ်လိုက်။

"ဒါနဲ့ မမကြီး သိပ်ပုံပြောတတ်တာပဲနော် အဲလို ဘာလို့ ပြောတတ်တာလဲဟင်"

မမကြီးကို တအံ့တသြ မေး ဖြစ်၏။

မမကြီး ရယ်သည်။

"ဘာလို့ ပြောတတ်တာလဲဆိုတော့ မမကြီးက စာဖတ်တာကိုး စာအုပ်တွေ ထဲက အဲဒီ ပုံတွေ ပါတယ်လေ"

"ဟင် ဟုတ်လား"

"အေးပေါ့ အဲဒီ စာအုပ်တွေ ထဲ ဖတ်ရလို့ သိတာပေါ့"

"မိစံလည်း စာဖတ်ချင်တယ်။ တစ်အုပ်လောက် ပေးလိုက်ပါ"

မိစံသည် မမကြီးပြသော စာအုပ်ကို ဖြန့်ကြည့်မိ၏။ မျက်နှာဖုံးက ကချင်ပြည်နယ် တောတောင်ရေမြေ နောက်ခံရှုခင်းနှင့် ကချင်ပျိုဖြူလေးပုံ၊ စာအုပ်အမည် က 'တောနှင့် တောင်စွယ်" ရေး သားသူက "မဟာဆွေ"

*

မြစ်ပြင်သည် ကြည်လင်လှသည်။

ရေစီးအဟုန်က ငြိမ့်ညောင်းလှ၏။

လမ်းလျှောက်ရင်း မောလာသဖြင့် ကမ်းပါးမှာ ခဏရပ်၏။ ရပ်ရာမှ ထိုင်ချပြီး ကျောက်စရစ် ခဲတစ်လုံး ကောက်ကာ ရေထဲပစ်ချလိုက်သည်။ ကျောက်စရစ်ခဲကို ရေပြင်ကို ဖောက်ခွဲသော အခါ ဂယက်ငယ်လေးတစ်ခု ဖြစ်ပြီး ဂယက်ငယ်က တဖြည်းဖြည်းနဲ့ ကျယ်၍ ကျယ်၍ သွားကာ ပြေလျော့ ပျောက်ကွယ်သွားတော့သည်။

မိစံ ပျော်နေသည်။

ဂယက်ငယ်ထဲမှာ ဇာတ်လိုက်မင်းသမီးကိုမြင်၏ ။ မင်းသားကိုလည်း မြင်၏ ။ တောတောင် ရေတံခွန်တွေ ကိုလည်း မြင်နေလေသည်။

ပုံပြင်တွေ အများ ကြီး နားထောင်ချင်သည်။ မမကြီးဆီ နေ့တိုင်းမသွားနိုင်။ စာအုပ်တွေ ဘယ်ကရပ့ါမလဲ။

မမလေး ပြောပြရကောင်းမလား။

မမလေးကတော့ "ယုဂတီစာကြည့်တိုက်" မှ စာအုပ်တွေ ယူယူလာတတ်သည်။ သို့ သော် မိစံကို တစ်ခါမှ မပေးဖူးပေ။ ပုံလည်း မပြောပြပေ။

ကိစ္စမရှိ။ သူယူလာတုန်း သူမရှိတုန်း ခိုးဖတ်မယ်။

မမလေးယူလာသော စာအုပ်က တစ်မျိုး၊ စိတ်ဝင်စားစရာ ကောင်းလေသည်။

မြို့က လင်မယားနှစ် ယောက် တောကို အလည်လာတုန်း ကိုယ်ဝန်အရင့်အမာ ပါလာသ ဖြင့် တောမှာ ပင် မွေးသည်။ ထိုညမှာ ပင် တောကလက်သည်အဘွားကြီး သမီးကလည်း ကလေး မွေးသည်။ အဘွားကြီးက သူ့မြေးလေး ကောင်းစားစေချင်သဖြင့် ကလေးချင်း လဲထားလိုက် သည်။ သို့ နှင့် တောသားလေးက မြို့ကိုပါသွားပြီး မြို့သားလေးက တောမှာ ကျန်ရစ်ခဲ့၏ ။

ကြီးလာသော အခါပြဿနာ တွေ ဖြစ်လာသည်။ မြို့သားလေးကား သနားစရာကောင်းလှ ။သူ့မိဘအရင်းတွေ ချမ်းသာပါလျက် သူ့မှာ ဆင်းရဲရသည်။ အဘွား ဖြစ်သူကလည်း သူ့မြေး မဟုတ် သဖြင့် နှိပ်စက်သည်။

ဘယ်လိုများ ရှေ့ဆက်ဦးမလဲ။

မိစံ မသိရတော့ချေ။

မမလေးက သူ့စာအုပ်ကို စာကြည့်တိုက် ပြန်အပ်လိုက်သော ကြောင့်တည်း။

မိစံခမျာ မြို့သားလေးကို လွမ်း၍ ကျန်ရစ်ရ၏ ။

တောသာလေးကို လွမ်း၍ ကျန်ရစ်ရ၏ ။

ဘာများ ဖြစ်ကြဦးမလဲ။

အဘွားကြီးကများ ပြန်ခေါ်မလား။

သည်နေ့အထိ မိစံ မသိရတော့ပေ။

စာအုပ်အမည် က "ချစ်ခြင်းငယ်ပြိုင်"

စာအုပ်စမှာ "မျိုး ဒေါ်ထိုက် ဒေါ်ထိုက်" ဟုရေး ထားသည်။ ညကြီးမင်းကြီး လက်သည်လာ ခေါ်ခန်း.

*

မိစံ စာအုပ်တွေ ကို စွဲလန်းတတ်ခဲ့ပြီ။

တွေ့ ရာမရှောင် ချစ်ခင်တတ်ခဲ့ပြီ။

စာအုပ်သည် မိစံ၏ ကစားဖော်။

စာအုပသ်ည် မိစံ၏ တိုင်ပင်ဖော်။

စာအုပ်သည် မိစံ၏ အိပ်မက်။

စာရေး ဆရာ ဖြစ်ဖို့အတွက် စာကို ချစ်တတ်ခြင်းသည် ပဓာနကျသော ကိစ္စ ဖြစ်၏ ။ မိစံသည် "ရွှေကူမေနှင်း" ဖြစ်လာရန်အတွက် ဘဂတွင် နှစ်ပေါင်းလပေါင်း ရက်ပေါင်းများ စွာ ဖြင့်....

*

အခန်း(၂)

# **ဝတ္ထုခရေဇီ**

အရင်တုန်းက ကျွန်မတို့ မြို့တွင် စာအုပ်အရောင်းဆိုင် မရှိချေ။ အငှားဆိုင်လည်း မရောက်သေး။ ပြည်တော် သာစာကြည့်တိုက်များ ရှိ၏ ။ သို့ သော မတည်မြဲချေ။ ခေါင်မိုးက သက်ကယ် ဖြစ်သဖြင့် အမိုးထပ်မလဲနိုင်သော အခါ အခင်းရာ ထရံအကာများ ပါ မြေသို့ ပုံကျခဲ့ကြ သည်။

အထက်တန်းကျောင်းကလည်း တည်ဆောက်ခါစ ဖြစ်၏ ။ ကျောင်းစာကြည့်တိုက် မရှိသေး။ အလွန် ကံကောင်းသည်ဟု ပြောရမည် မှာ ယုဂတီစာကြည့်တိုက် ရှိခဲ့ခြင်း ဖြစ်၏ ။ ကျယ်ကျယ်ပြန့်ပြန့် ကား မဟုတ်။ ကျွန်မတို့မြို့တွင် အစိုးရမူလတန်းကျောင်းနှင့် မူလတန်းလွန်ကျောင်းများ ရှိစဉ်မှာ ပင် အလွန် ပညာသင်ကျောင်းတစ်ကျောင်းရှိခဲ့၏ ။ ပထမကမ္ဘာစစ်မ ဖြစ်မီကပင် ရှိခဲ့ခြင်း ဖြစ်သည်။

အင်္ဂလိပ်စာချည်းသင်သော ကျောင်း ဖြစ်၏ ။ ဆရာမွတ် ကျောင်းဟု ခေါ်သည်။ ဆရာမွတ်သည် အိန္ဒိယလူမျိုး ဖြစ်၏ ။ ၎င်းတွင် မဂင်းနီခေါ် သမီးရှိသည်။ အမေက မြန်မာ။ မဂင်းနီက ဂဖတ်ဂါသနာပါသည်။ နောင်အခါ “ဗန်းမော်ရွှေစင်”အမည် ဖြင့် ဂတ္ထုရေး မည့်သူ ဖြစ်၏ ။ သူက ဂါသနာလည်းပါ၊ တတ်လည်းတတ်နိုင်သဖြင့် အဖေ့ကျောင်းတွင် ဆရာမ ကူလုပ်ရင်း စကြည့်တိုက်လေး ဖွင့်ထားခြင်း ဖြစ်၏ ။ သူ့စာကြည့်တိုက်ကို ယုဂတီ စာကြည့်တိုက်” ဟု အမည် ပေးထားသည်။ သူ့ကျောင်းမှာ ကျွန်မတို့ နေထိုင်သော မြို့ကုန်းရပ်ထဲမှာ ပင် ဖစ်ြ၏ ။ ထိုမဂင်းနီ၏ ယုဂတီစာကြည့်တိုက်ကြောင့် ကျွန်မ စာဖတ်ခွင့် ရခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်မသည် ယုဂတီစာကြည့်တိုက်သို့ ကိုယ်တိုင်သွားရသည်မဟုတ်ချေ။ ထိုစဉ်က အသက် ၁၂ နှစ် ၊ ၁၃ နှစ် ၊ လူရာမဂင်သေး။ စာကြည့်တိုက်သို့ ပုံမှန်

နေ့စဉ်မပျက်မကွက်သွားသူ မှာ မမလေး ဖြစ်၏ ။ မမကြီးက အိမ်ထောင်ကျပြီး တစ်ခြားရွာမှာ နေသည်။ မမကြီးအောက် မမလေး က အိမ်မှာ အကြီးဆုံးကျန်ရစ်သည်။ အဖေမရှိတော့သဖြင့် အမေသည် ဈေးတောင်ထမ်းကာ ဝမ်း စာရှာနေရသည်။ ကျွန်မတို့ မောင်နှမသည် မမလေးနှင့် နေကြရလေသည်။

မမလေးသည် စာဖတ်ဝါသနာကြီး၏ ။ ရုပ်ရှင်စာစောင်များ မပေါ်သေး။ ရွှေကူမှာ ရုပ်ရှင်ရုံ လည်း မရှိသေး။ ပွဲလမ်းရှိမှ ပွဲရှိရာ လျှောက်ကြည့်ရ၏ မမလေးသည် ပွဲဝါသနာအိုးလည်း ဖြစ်၏ ပွဲလမ်းရုပ်ရှင် မရှိသော အခါ စာဖတ်ခြင်းသည် မမလေး၏ အဖော် ဖြစ်ခဲ့၏ ။

ကျွန်မကား မမကြီး အစပျိုးပေးလိုက်သဖြင့် စာအုပ်ကို ကြိုက်တတ်နေပြီ။ ဖတ်စရာစာအုပ် ကား မရှိ။ အိမ် ဘုရားစင်မှာ ဘုရားရှိခိုးအမျိုးမျိုးနှင့် ဗုဒ္ဓဝင်ပဲရှိသည်။ ကျွန်မက မမကြီးပြောပြ သည့် "တောနှင့် တောင်စွယ်" လို ဝတ္ထုမျိုးဖတ်ချင်သူ။

ယခုတွေ့ နေပြီ။မမလေး ငှားလာသော စာအုပ်များ ၊ ခတ်ပုံက မမလေးသည် စာအုပ် ကို လက်ကမချ။ သူထမင်းချက်တုန်း၊ ရေဆိပ်သွားတုန်းလောက်ပဲ စာအုပ်က သူ့ခေါင်းအုံးလောက်မှာ ရှိသည်။ ညနေရောက်သည်နှင့် ယုဇတီစာကြည့်တိုက်မှာ သွားလဲလိုက်တော့၏ ။ သည်တော့ သူ ထမင်းချက်တုန်း၊ ရေချိုးသွားတုန်း သူ့ခေါင်းအုံးဆီ ကျွန်မပြေးရ၏ ။ မမလေးက စာမဖတ်ရဟု တားဆီးသည်တော့မဟုတ်။ သို့ သော် ကျွန်မ အလိုလိုနေရင်း ခိုးဖတ်နေမိ၏ ။ မမလေးမြင်လျှင် စာအုပ်ကို လုသွားမှာ စိုးရိမ်နေလေသည်။

ဖောင် ၂၀ ခန့်ထူသော လုံးချင်းဝတ္ထုကြီးများ ဖြစ်ရာ ၁၂ နှစ် အရွယ် ကောင်မလေးသည် ခဏ အတွင်း ဘယ်လိုမှ ပြီးအောင်မဖတ်နိုင်ချေ။ သို့ သော် စွဲလန်း၏ ။ ပထမဆုံးဖတ်ခဲ့ရသော လုံးချင်း ဝတ္ထုကြီးကို ယခုထိ မြင်ယောင်နေ၏ ။ "ဝတ္ထုအမည် က" "ချစ်ချင်းငယ်ပြိုင်" ဝတ္ထု စဖွင့်ဖွင့်ချင်း ပထ မဆုံးအခန်းမှာ "ဗျို့ .. ဒေါ်ထိုက် ဒေါ်ထိုက်...." ဟုတွေ့ ရ၏ ။ ဒေါ်ထိုက်က တောရွာလေးတစ်ရွာမှာ

ဂမ်းဆွဲသည်။ ခရီးသွားရင်း မြို့မျှ လင်မယားနှစ် ယောက်သည် ရွာကို ရောက်လာသည်။ မိန်းမက မျှော်လင့်ဘဲကလေးမွေးသည်။ ဖြစ်ချင်တော့ ဒေါ်ထိုက်ချွေးမကလည်း ထိုညမှာ ပင် ကလေးမွေး သည်။ ယောကျ်ားလေးချည်း ဖြစ်၏ ။ ဒေါ်ထိုက်သည် သူ့မြေးလေးကို ကောင်းစားစေချင်လွန်းသဖြင့် မြို့က ကလေးနှင့် ကလေးချင်းလဲထားလိုက်သည်။

ဇာတ်သည် အတော် လွမ်းစရာကောင်း၏ ။ မြို့သားလေးက ရွာမှာ ကျန်ရစ်၊ ဒေါ်ထိုက်က သူ့သွေးမဟုတ်၍ နှိပ်စက်။ သူ့မြေးက မြို့မှာ သူဌေးသား ဖြစ်နေ၏ ။

ဩော် အခုပင်လျှင် မိမိကိုယ်မိမိ သနားမိ၏ ။ ကျွန်မသည် ထိုဂတ္ထုကို အဆုံးအထိ မဖတ် လိုက်ရပေ။ မမလေး ရေဆိပ်မှ ပြန်လာသံကြား၍ ခေါင်းအုံးအောက် ပြန်ထားခဲ့ရ၏ ။ ထိုညနေမှာ ပင် မမလေးသည် စာအုပ်ကို ယုဂတီစာကြည့်တိုက်သို့ ပြန်အပ်လိုက်လေသည်။ ကျွန်မသည် ဒေါ် ထိုက်ကို မုန်းကာ မြို့သားလေးကို သနား၍ နေခဲ့၏ လွမ်း၍ နေခဲ့။ ဘယ်လို အဆုံးသတ်သွားပါ လိမ့်ဟု သိချင်နေခဲ့၏ ။ သို့ သော် ယနေ့အထိ မသိရပေ။ လူကြီး ဖြစ်လာ၍ စာကြည့်တိုက်မွေနိုင် သော အခါ “ချစ်ချင်းငယ်ပြိုင်” ကို ရှာမရတော့ချေ။

နောက်တစ်အုပ်လွမ်းရတာ ရှိပါသေးသည်။ ထိုစာအုပ်ကား ယုဂတီဟုတ်မဟုတ်တော့ မသိ။ အိမ်မှာ အကြာကြီးရှိနေသည်။ ခက်ပုံက စာအုပ်သည် အဆုံးမပါချေ။ စာရွက်များ ပြုတ်နေ သဖြင့် “မောင့်ကုလားထိုင်လက်တန်းပေါ် လက်တင်”ဆိုသော နေရာ၌ ပြတ်နေလေ သည်။ စာအုပ်နာမည် က “မောင်တို့ယောကျ်ား”၊ ရေး သူမှာ “ခင်မျိုးချစ်” အိမ်ထောင်သည်ဘဝ ဖြစ်သည်။ ယောကျ်ားတွေ ကို စိတ်မချရပါကြောင်းပါသည်။

မိန်းကလေးက သူ့ယောကျ်ားအလုပ်သွားလျှင် “မောင်ကလေး ကိုယ့်မိန်းမကျတော့ တိုင် ကပ်နာရီကြီးလို သဘောထားတယ်ပေါ့ ဘယ်အချိန်ပြန်လာလာ အိမ်မှာ ရှိနေတာကိုး၊ သွားလေ ရာမှာ တော့

လက်ပတ်နာရီလေးတွေ ပတ်နေတယ် ဟုတ်လား” ဟု ကျီစယ် သော အခန်း၊ ဘယ်လို သဘောတွေ့ မှန်းမသိ။ ခက်ပုံက ညနေချမ်း လင်မယားနှစ် ယောက် အေးအေးလူလူထိုင်ရင်း ယောကျ်ားက ပက်လက်ကုလားထိုင်ပေါ်မှာ မိန်းမက ပက်လက်ကုလားထိုင် လက်တန်းပေါ်မှာ လက်တင်..။ ရှေ့ဆက် ဘာ ဖြစ်ကြပါလိမ့်။ သိချင်လိုက်တာ။ စာအုပ်က အိမ်မှာ အကြာကြီးရှိ။ သို့ သော် ဆက်ဖတ်စရာမရှိတော့ချေ။ စိတ်ထဲ မချင့်မရဲ ဖြစ်လွန်းလှသည်။

ထိုအကြောင်းကို ယခုကြီးလာ၍ အခွင့်သင့်ကာ ဦးခင်မောင်လတ် ဒေါ်ခင်မျိုးချစ် တပည့် ဖြစ်လာသော အခါ မေးကြည့်ပါသည်။

“အဲဒါ ဇာတ်လမ်းက ဘယ်လို ဖြစ်သွားသလဲ ဟင်”

ဒေါ်ခင်မျိုးချစ်သည် မျက်နှာထားကြီးနှင့်ကြည့်ပြီး...

“ဘာတွေ လျှောက်မေးနေတာလဲ” ဟုပြောပြီး ရှက်သလိုလို မျက်နှာလွှဲပါသည်။ ဦးခင်မောင်လတ်က တဟဲဟဲရယ်ရင်း.... “ဒီကောင်မလေး ခက်ပါနေပါပြီ၊ ကိုတေးရှင်းတွေ များ ထုတ်လို့...” ဟု ရယ်သွမ်းသွေးပါသည်။ သိချင်သည့် အဖြေတော့မ ရပါ။ ငယ်ငယ်က ငယ်စိတ်နှင့် ရေး ခဲ့တာတွေ ပဲ ဖြစ်ပါလိမ့်မည် ။

ကျွန်မကား .. စာဂျပိုး ဖြစ်ခဲ့ပြီ။

စာမမြင်ရလျှင် မနေနိုင်တော့ပြီ။

စာကို ရှာရ၏ ။ စာအုပ်မြင်လျှင်တော့ တွေ့ ရာသချ့င်း စားမဆိုင်းဆိုသကဲ့သို့ အရူးအမူးပါပဲ။

အတန်းထဲမှာ လည်း စာခိုးဖတ်ခဲ့၏ ။ ဆရာက သင်္ချာတွက်ခိုင်းလျှင် ခပ်မြန်မြန်တွက်ပြီး သွားပြလိုက်သည်။ သူများတွေ မပြီးသေး၍ ပိုနေသော အချိန်တွင် ခုံအောက်မှာ စာအုပ်ကိုကွယ် ပြီး ဖတ်ရ၏ ။ မြန်မာစာအချိန်၌

တစ်ယောက်စီထပြီး စာဖတ်ရသည်။ ကိုယ့်အလှည့်အရောက်ခင် သူများဖတ်နေတုန်း လိုက်ကြည့်ရ၏ ။ ကျွန်မကား ဖတ်စာအုပ်ကို လိုက်ကြည့်မည့်အစား ခုံအောက် က မဂ္ဂဇင်းကို ကြည့်နေ၏ ။ ဆရာကရိုပ်မိသဖြင့် အလှည့်ကျော်ပြီး ဖတ်ခိုင်းသော အခါ စာက ဘယ်ရောက်မှန်း မသိတော့ပြီ။ သူခိုးမိပြီ။ အဆူခံရ၏ ။ စာအုပ်အသိမ်းခံရ၏ ။

ကျောင်းမှာ စာကြည့်တိုက်ဖွင့်သော အခါကား စူဠလိပ်ရေထဲလွှတ်သလို စာကြည့်တိုက်မှာ ပင် အချိန်ကုန်တော့၏ ။ အိမ်ကိုငှားမည့်စာအုပ်ယူပြီး မပြန်ခင် ဖတ်နိုင်သမျှကို စာကြည့်ခန်းမှာ ဖတ်၏ ။ စာအုပ်မြင်လျှင် မဖတ်လိုက်ရမှာ စိုးနေခဲ့လေသည်။

အရင်တုန်းက စွဲလန်းခဲ့ရသော မဂ္ဂဇင်းများ မှာ ဒဂုန်မဂ္ဂဇင်းနှင့် ရှုမဝမဂ္ဂဇင်း ဖြစ်၏ ။ ဒဂုံမဂ္ဂဇင်းထဲတွင် အေဝမ်းမှ ရုပ်ရှင်ကြော်ငြာများ ကို စွဲလန်းရသည်။ ရုပ်ရှင်ကြော်ငြာများ မှာ မင်းသား မင်းသမီးပုံပြင်အပြင် ကဗျာပါ။ ဥပမာ “ကျော်ဆွေ မေသန်း အချစ်စမ်း၊ ရွှင်လန်းစေ သော် ရဲဘော်” ချစ်ရဲဘော် ဇာတ်ကားကြော်ငြာတည်း။

ကိုကိုလေး၏ မော်ဆရာမှတ်တမ်းကိုလည်း မလွှတ်တမ်း ဖတ်ရသည်။ မြစကြာ၏ မော် စက်ရှင်စသော ဝတ္ထုတွေ ကိုလည်း ကြိုက်တတ်နေပြီ။ ရှုမဝမှ သော တာဆွေ အေးဆွေပေါ်ဦးဝတ္ထု များ ကိုလည်း ကြိုက်ခဲ့၏ ။ တင့်တယ်၏ ။ ချစ်မီးတဏှာ၊ သာခု၏ နောက်လင်အခန်းဆက်များ ကို လည်း စွဲလန်းခဲ့သည်။

ထို့ပြင် ဦးပု၏ ငါတို့ဗိုလ်ချုပ် ဘာတွေ လုပ်ခဲ့သလဲ” လုံးချင်းစာအုပ်ကိုလည်း ဖတ်ခွင့်ရ ခဲ့၏ ။ စုံထောက်မောင်စံရှားကို နှစ် သင်ခဲ့၏ ။ “အမ်ကြာရိုး” ကိုကား နားမလည် “အင်မက ကြာရိုး” ဟု အသံထွက်ပြီး အဓိပ္ပာယ်မပေါက်ချေ။

လုံးချင်းဝတ္ထုများ ကိုကား ကျောင်းစာကြည့်တိုက်၌ သိပ်မထားပေ။

ထို့ကြောင့် လုံးချင်းဝတ္ထု ကိုအချင်းချင်း စနည်းနာပြီး ငှားကြရသည်။ ကျွန်မအား စာရေး ဆရာဘဝကိုရောက်အောင် တစ်ရှိန် ထိုး တွန်းပို့လိုက်သော စာအုပ်ရှိ၏ ။ ထိုစာအုပ်ကား "မိုးအောက်မြေပြင်" တည်း။ စာရေး ဆရာမှာ မင်းအောင်၊ ၁၉၄၈ ခုနှစ် စာပေဗိမာန်ဆု ရသည်။ မြန်မာပြည်၌ ပထမဆုံး ဆုရသော စာအုပ် တည်း။

ထိုစာအုပ်ကို ဖတ်ခွင့်ရခဲ့ခြင်းအတွက် စာရေး ဆရာမင်းအောင် (မကြာမီက ကွယ်လွန်) ကို လည်းကောင်း၊ စာအုပ်ငှားပေးသူကို လည်းကောင်း ကျေးဇူးတင်နေပါသည်။ ထိုစာအုပ်ထဲတွင် ဆင်းရဲသော မောင်နှမသုံးယောက်အကြောင်း သရုပ်ဖော်ထား၏ ။ ဆင်းရဲလွန်း၍ လက်ပံခေါင်း ချဉ်ရေနှင့် ထမင်းစားကြပုံကို သနား၏ ။ ကိုယ်ချင်းစာ၏ ကျွန်မတို့ မောင်နှမတစ်တွေ လည်း ဆင်းရဲ နေသဖြင့် စာနာတတ်လေပြီ။

အမေသည် နေ့ဘက်တွင် မုန့်လုပ်၍ ရောင်းရ၏ ။ ထိုနေ့က နေပူသည်။ အမေက ခေါင်းမူး၍ ဈေးရောင်းသွားပေးဖို့ ကျွန်မကိုခိုင်းသည်။ ကျွန်မက ငြင်းသည်။ အမေက ဘာမျှ မပြော။ ကောက် ညှင်းထုပ်များ ထည့်ထားသော ဈေးဗန်းကိုကိုင်ကာ ထွက်သွား၏ ။ နေပူထဲ၌ "ကဲ ကောက်ညှင်း ပေါင်းထုပ်" ဟုအော်လိုက်သော အမေ့အသံသည် ကျွန်မရင်ကို ထိခိုက်စေခဲ့၏ ။ ကျွန်မငို သည်။ အဖေ့ကို လွမ်းသည်။ အမေ့ကို သနားသည်။ တို့မောင်နှမတွေ လည်း နှင်းဥတို့လိုပဲဟုတွေ း သည်။ ချက်ချင်း ပင် ခဲတံလေးယူကာ ဗာလာစာအုပ်အဟောင်းထဲ၌ ကျွန်မတို့ဘဝကို ရေး ချခဲ့လေသည်။ ကျွန်မ၏ ပ ထမဆုံးဝတ္ထုအပိုင်းအစလေးပင်တည်း။

**ရုပ်ရှင်စတား၊ ၁၉၉၆၊ ဇူလိုင်လ**

*

## ရွှေကူမေနှင်း ဖွားမြင်ခြင်း

"မိုးအောက်မြေပြင်" ဝတ္ထု၏ အလင်းတန်းကြောင်း ကျွန်မသည်

စာရွက်ပေါ်တွင် အက္ခရာ တင်သော (ကျောင်းစာစီစာကုံးမဟုတ်သည့်) ခံစားချက်စာမျက်နှာကို စတင်ရေး ဖြစ်ခဲ့ပြီ။

သည်တုန်းကတော့ နောင်တစ်ချိန်တွင် သည်လိုစာမျိုးရေး ပြီး အသက်မွေးဝမ်းကျောင်း ပြုလုပ်ရလိမ့်မည် ဟု မတွေး တတ်ခဲ့ချေ။ အနီးအနား မိမိနှင့်တွေ့ ထိနိုင်သော ပတ်ဝန်းကျင်တွင် လည်း နမူနာယူစရာ၊ အတုခိုးစရာစာရေး ဆရာဟူ၍ တစ်ဦးတစ်လေမျှ မရှိ။ အသက်မွေးဝမ်း ကျောင်းတစ်ခုခု ဖန်တီးလုပ်ကိုင်ရမှာ ပါလားဟုလည်း မသိသေး။ တစ်ခုပဲ သေသေချာချာ သိခဲ့ သည်။ မိုးအောက်မြေပြင် စာအုပ်ထဲက ဇာတ်ကောင်တွေ ကို နားလည်သည်။ သူတို့ဘဝကို စာနာ သည်။ စိတ်ထဲမှာ ထိထိခိုက်ခိုက်၊ ပြင်းပြင်းထန်ထန် ခံစားလာရသော အခါ စာဖြင့်ချ၍ ရေး လိုက် ချင်သော ဆန္ဒရှိလာသည်။ စာရေး ဆရာအ ဖြစ် မမွေးဖွားမီ ကလလရေကြည်တည်း။

အထက်ပါ စာမျက်နှာလေးကို နှစ် ပေါင်းများ စွာပင် သိမ်းထားခဲ့ဖူးပါသည်။ ပဉ္စမတန်းကျောင်း သူလေး၏ ။ ကျောင်းသုံးဗလာစာအုပ်ထဲမှာ မို့ စာအုပ်အလိုက်ပင် ရှိနေခဲ့ပါသည်။ စာအုပ် လေးက ဟောင်းနွမ်းကာ စာမျက်နှာတွေ ဝါညိုပြီး ခဲတံစာလုံးလေးများ မွဲညစ်လာသည်အထိ ရှိခဲ့ လေသည်။ အိမ်မှာ ကျန်ရစ်ရင်း လူမသိသူမသိဘဝဖြင့် ပျောက်ပျက်သွားခဲ့ရှာသည်။ ယခုနေ ထိုစာအုပ်ကလေးကိုပြန်တွေ့ ချင်စမ်းပါဘိ။

မဂ္ဂဇင်းတိုက်သို့ စာမူရေး ပို့၍ ရသည်ဟူသော အသိကိုမူ တိုင်းရင်း မေဂျာနယ်က ပေးခဲ့ ပါသည်။ တိုင်းရင်းမေထဲတွင် ပါသော ကဏ္ဍတိုင်းကို စွဲလန်း၏ ။ ၁၅ ရက်ဗေဒင်ကိုလည်း ကြိုက် သည်။ ကာယလေ့ကျင့်ခန်းကိုလည်း ကြိုက်သည်။ အလှပြုပြင်ရေး ၊မေတို့ပြဿနာ၊ အထိုးအချုပ်၊ အချက်အပြုတ်၊ ပြီးတော့ တက္ကသိုလ်ကဏ္ဍ၊ ပြီးတော့ ဝတ္ထုတို၊ ပါသမျှ တစ်ခုမကျန် ဖတ်သည်။

ကဗျာတွေ ကလည်း ကြိုက်သည်။ တချို့ကဗျာတွေ နားမလည်။ သို့ သော် စာရေး သူ နာမည် (ကလောင်မည် ) တွေ ကို မှတ်သည်။ နာမည် တွေ က

လှ၏ ။ ပြီးတော့ မြို့နာမည် တွေ နှင့်တွဲ ထားကြ သည်။ ထိုအထဲတွင် ကျွန်မအားကျသွားရသော ကလောင်များ ရှိ၏ ။ တန်းမြင့်ရိပ်သာ ဟူသော စာ လုံးတွဲ ထားသူများ ဖြစ်သည်။ “တူးမာ တန်းမြင့်ရိပ်သာ၊ ရွှေဘို” ဆိုတာမျိုး ဖြစ်၏ ။ ဤမှာ တင် “ဪ ငါ့လို တန်းမြင့်ကျောင်းမှာ တက်နေတဲ့လူတွေ လဲ စာရေး နေကြပါကလား” ဟု သိလာပါ သည်။

ရေး ကြသော စာများမှာ အတန်းစုံ၏ ။ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများ အပြင် အတိုအထွာလေး တွေ ပါသည်။ ဥပမာ- အကျ ီတွေ ၊ ဖားဥစွဲလျှင် ဘယ်လိုလုပ်နိုင်ပါသည်ဆိုတာမျိုး။ ပြီးတော့ ဆေးမြီးတိုလေးများ ၊ ပြီးတော့ မေ့ကိုယ်တွေ့ အတိုအထွာဆိုသော စာအပိုဒ်သာရေး ရသည့် ထူးခြား ပြီးတော့ အတွေ့ အကြုံတင်ပြမှုလေးများ ၊ စာရေး ချင်သူများ အတွက် မျိုးစေ့ကြဲစရာ စိုက်ခင်းပြင်ကြီးပင် ဖြစ်သည်။ ဘာအပင် စိုက်ချင်သလဲ၊ နေရာတွေ ပေါလျှပါဘိ။ သည့်အပြင် ကိုယ်ပို့လိုက်သည့်စာကို တစ်နှစ် ကြာအောင် ဘာမှမသိရဘဲ ချောင်ထိုးထားသည့် အလေ့အထမရှိ။ မိမိစာ ကောင်းကောင်း၊ မကောင်းလျှင် ဘယ်လိုကြောင့် စသည်တို့ကို ပြန်ကြားချက်အခန်းမှနေ၍ ဖော်ပြပေးသည်။ ထိုပြန်ကြားချက်များ ကို စောင့်ဖတ်ခြင်းသည် သင်တန်းတစ်ခု တက်နေရခြင်းနှင့် ဆင်ဆင်တူသည်။

ကျွန်မသည် “မစံမေ၊ တန်းမြင့်ရိပ်သာ၊ ရွှေကူမြို့”ဟူသော နာမည် ရင်းဖြင့် မေ့ကိုယ်တွေ့ အတိုအထွာလေး (Paragrahp Writing) ပို့လိုက်သည်။ ဘာအကြောင်း ရေး လိုက်မှန်း မမှတ်မိ တော့ပါ။ ထိုစာမူလေး မကြာခင် ပါလာ၏ ။ ရွှေကူဆိုသည်မှာ ရွာတန်းရှည်ကြီးမျှ ဖြစ်ရာ တစ်ယောက်နှင့်တစ်ယောက် မသိသူမရှိ။ ယခု တိုင်းရင်းမေဂျာနယ်ထွက်လာတော့ “ဟော့.. မမိစံ၊ နင်ရေး လိုက်တဲ့ဟာ တိုင်းရင်းမေမှာ ပါလာတယ်နော်”ဟု ဝိုင်းပြောကြ၏ ။ အောင်မယ်လေး ဘယ်လိုရှက်မှန်းမသိ။

ဒုက္ခပဲ။ ငါရေး လိုက်တာ သူများ တွေ သိသွားပြီ။ ငါ့ခံစားချက်တွေ

လူသိကုန်ပြီ။ ရှက်လိုက် တာ။ အကြာကြီးပင် နောင်တရသလို ခံစားနေမိ၏ ။ လူတွေ ကို မတွေ့ ရဲ၊ မေးခံရမှာ ကြောက်နေ သည်။ လူကွယ်ရာမှာ မူ တိုင်းရင်းမေဂျာနယ်လေးကို တသသနှင့် ကိုင်၏ ။ ကိုယ်ရေး လိုက်သည့် စာလေးတွေ ပုံနှိပ်စာလုံးနှင့်ပါလာပါပြီကောဟု တအံ့တသြ ဖြစ်၏ ။

အထူးသဖြင့် စာလုံးမည် းဖြင့် ဖော်ပြထားသော ကိုယ့်နာမည် ကို ဖတ်မဝ ဖြစ်လေတော့ သည်။

အဲသည်တုန်းက ခုနစ်တန်းနှစ် ။ ၁၉၅၄ ခုပါ။ ကျွန်မ၏ စာရေး သက်ကို ထိုနှစ် နှင့် မယူခဲ့ပေ။ ကိုယ့်ဟာကို မလုံမလဲ ဖြစ်၍ ဆိုနိုင်၏ ။ ကျွန်မ၏ စာရေး သက်ကို စတင်ရေတွက်သော အချိန်မှာ ၁၉၅၅ ခုနှစ် မတ်လ ၁ ရက် ဖြစ်၏ ။ ထိုနေ့ထုတ် တိုင်းရင်းမေတွင် ဝတ္ထုတိုစတင်ပါလာလေသည်။ “ချောကလက်”ဟု အမည် ပေးထား၏ ကလောင်အမည် ကလည်း အမည် ရင်း မဟုတ်တော့ချေ။ ရွှေကူမေနှင်း ဖြစ်လာလေပြီ။

သည်လို ရွှေကူမေနှင်း ဖြစ်ရသည့်အကြောင်းကလည်း နာမည် ရင်းကြီးနှင့်ရေး မိ၍ လူသိ သွားသည်ကိုရှက်မဆုံး ဖြစ်ရသော ကြောင့်ပါပဲ။ လူသိသွား၍ ရှက်တော့မှ ကျွန်မစဉ်းစားခြင်း ဖြစ် သည်။ အသက်က (၁၅) နှစ် အတန်းက ရှစ်တန်းဆိုတော့နည်းနည်း စဉ်းစားတတ်လာပြီ ထင်၏ ။ နာမည် ကိုတော့ ရွေးမှပဲ။

ဤတွင် အကြောင်းနှစ် ခု ဆုံလာသည်။ တစ်ခုမှာ ထိုရှစ်တန်းနှစ် တွင် မိန်ကလေးသူငယ် ချင်းငါးယောက်ပဲရှိသည်။ ကျန်တာတွေ က တစ်တန်လးလုံး ယောကျ်ားလေး ဖြစ်၏ ။ မိန်းကလေး ငါးယေက်သည် စည်းစည်းလုံးလုံးရှိ၏ ။ ချစ်ချစ်ခင်ခင် ဖြစ်၏ ။ စာဖတ်ဂါသနာပါတာချင်းလည်း တူ သည်။ ဤတွင် မည် သူက စတင်လိုက်သည်မသိ။ နာမည် ဂုက်လေးတွေ ယူကြဖို့ အကြံပေါ်သည်။ ပန်းနာမည် တွေ ရွေးကြသည်။ မဲနှိုက်ပြီး ကျရာယူကြရန် ဖြစ်သည်။

သို့ နှင့် ရွေးလိုက်သော ပန်းများ မှာ နှင်းဆီ၊ စပယ်၊ ခွာညို၊ သဇင်၊ နှင်းပန်းတို့ ဖြစ်၏ ။ မသန်း ရင်က နှင်းဆီ၊ မတင်အုန်းက စပယ်၊ မစန်းရီက ခွာညို၊ မပုက သဇင်၊ ကျွန်မက နှင်းပန်း။ ကျွန်မတို့သည် အတန်းထဲမှာ ပင် စာတိုလေးများ ရေး ကာ တစ်ယောက်ကိုတစ်ယောက် ပေးကြ၏ ။

ထိုစာများ ထဲတွင် နာမည် ဂှက်ကို သုံးကြ၏ ။ ထိုအခါ ကျွန်မရေး သော ပန်းက နှင်းပန်း ဖြစ်နေ ရာ နှင်းရေ ဖြစ်သွားတော့၏ ။ ကျွန်မသည် နှင်းပန်းမဲကျသည့်အတွက် ကျေနပ်ပါသည်။ ဖွေးဖွေးဖြူ သော ပန်းတင်သွယ်လှသည့် နှင်းပန်းနှင့်ဆင်တူသော သစ္စာပန်းကို မကြိုက်။ သစ္စာက မမွှေး၍ ဖြစ် ၏ ။ ထို့ကြောင့် ကျွန်မနာမည် နှင်းပန်းမဲကျသည်ကို အလွန် ကျေနပ်ခဲ့၏ ။

ကလောင်နာမည် ရွေးရတော့မည် ဆိုသော အခါ၊ ရှက်ကလည်း အလွန် ရှက်၊ စာမရေး ဘဲ လည်း မနေနိုင်။ သည်တော့နာမည် ဂှက်ရွေးရတော့မည် ။ သည်လိုရွေးလိုက်လျှင် လူမသိတော့ဘူး ဟု တကယ်ပင် ထင်ခဲ့၏ ။ သည်တော့ နာမည် ဂှက်ကို နှင်းပန်းဟု ယခုရထားပြပြီ။ နှင်းပန်းလို့ပဲ ထားမလား။

နောက်အကြောင်းတစ်ခုရှိသေးသည်။ ငှင်းပွဲမှာ အေဂမ်းမင်းသမီးများ ကို သဘောကျခြင်း ဖြစ်၏ ။ ကျွန်မသည် ပွဲကြိုက်သူတည်း။ ပွဲကြိုက်သဖြင့် ရုပ်ရှင်ကိုလည်း ကြိုက်၏ ။ ရုပ်ရှင်ကြိုက်သ ဖြင့် ရုပ်ရှင်မင်းသမီးကြီးကိုလည်း ကြိုက်သည်။ ရုပ်ရှင်မင်းသမီးရူးမ ဖြစ်ခဲ့ခြင်းမှာ မှန်၏ ။ ကျေးဇူးဟု ပြောရမည် ။ မှန်ထဲမှာ မြင်ရသော မိမိမျက်နှာ၏ မလှမပမှုကို အမှတ်အတိုင်း သိသဖြင့် ရုပ်ရှင်မင်း သမီး ဖြစ်ရေး ကို စိတ်ကူးမယဉ်ခဲ့ခြင်း ဖြစ်သည်။

ရုပ်ရှင်ကြိုက်သဖြင့် ရုပ်ရှင်မင်းသမီးနာမည် ကို စိတ်ဂင်စားသည်။ ကြည့်စမ်း... မေရှင်၊ မေသစ်၊ မေနွဲ့၊ မေဆန်း၊ မေမြ၊ မေသန်း၊ သည်ဓာတ့ သိပ်ရှည်ရှည်ဂေးဂေး မသွားတော့ပါ။ ကိုယ့် နာမည် ရင်းမှာ လေ “မေ” က ပါပြီးသား။ နာမည် ဂှက် မဲကျထားတာက နှင်းပန်း၊ သည်တော့ မေနှင်း ပေါ့။

ကိုယ့်နာမည် လေး ကိုယ်ကြိုက်နေသည်။ နှင်းကို မယူဘဲ Snow ယူလည်း ကြိုက်စရာပါပဲ။ ရွှေကူမှာ ဆောင်းတွင် းဆို ရှေ့ဆယ်ကိုက်လောက် မမြင်နိုင်အောင် နှင်းထူထူကျစမြဲ။ နှင်းတောထဲ တိုးရသော အရသာကို နှစ်သက် မြဲ။ သည်တော့ ပန်းပဲ ဖြစ် ဖြစ်၊ snow ပဲ ဖြစ် ဖြစ် ကောင်းတယ်။

မကောင်းဘူးဟု ပြောသူမှာ ဗေဒင်ဆရာ ဖြစ်၏ ။ နောင်နှစ် ပေါင်းများ စွာကြာသော အခါ ဗေဒင်လေးဘာလေး မေးတော့ ကျွန်မသည် စာရေး ဆရာဘဝ၌ Best Seller မ ဖြစ်နိုင်တဲ့။ စာပေ ဆုလည်း မရနိုင်တဲ့။ အကြောင်းမူကား "နှင်း"ကြောင့် ဖြစ်၏ တဲ့။ နှင်းမှာ စနေ၊ စနေသည် ကျွန်မ၏ မဟာဘုတ်၌ ပုတိအိမ်ကျနေသည်တဲ့။ ဟုတ်ချင်ဟုတ်ပါလိမ့်မည် ။ စာရေး ဆရာဘဝတွင် ကျွန်မ သည် Paragrapg writing မှစ၍ တက်ရ၏ ။ ဝလုံးတန်းမှာ ကျေအောင် နေရ၏ ။ လုံးချင်းထုတ်ဖို့ ထုတ်ဝေသူ အမြဲခက်ခဲ၏ ။ တစ်အုပ်ကိုသာ ထုတ်ဝေသူရှိခဲ့ပြီး ကျန်အုပ်များ မှာ ကိုယ့်ဘာသာရေး ၊ ကိုယ့်ဘာသာငွေရှာခဲ့ရသည်ချည်း ဖြစ်သည်။ ခုခါကျမှ နှင်းကိုဖြုတ်လို့လည်း မ ဖြစ်တော့ပေ။ ဟုတ်ချင်ဟုတ်ပါလိမ့်မည် ဟုပြောခြင်းမှာ မိမိနာမည် အရင်းနှင့်ဆိုလျှင် ဘာလုပ်လုပ် တစ်ချီတည် နှင့် အောင်မြင်တတ်၍ ဖြစ်သည်။

မည် သို့ ဆိုစေ.. သားသမီးမုန်းတဲ့ထုံးမှ မရှိဘဲလေ။ နှင်းကို ကျွန်မ မပစ်နိုင်တော့ပါ။ သို့ နှင့် ယခုထိ မေနှင်းဟာ မေနှင်းပါပဲ။ အဲ ဗေဒင်ဆရာ၏ စကားတစ်ခုရှိသေးသည်။ နှင်းက ပုတိသို့ ထိုး ဆင်းသဖြင့် ဆိုးသော် လည်း ခံသာသည်မှာ ရွှေကူကြောင့်တဲ့။ ရွှေကူက ကျွန်မ၏ မဟာဘုတွင် ရာဇကျပေသကိုး။ ရှေ့က ရာဇခံထားဖြင့်ဆိုပဲ။ သည်တော့ ရွှေကူပါတာကိုပဲ ကျေးဇူးတင်ရဦး တော့မည် ။ ရွှေကူပါခဲ့ရခြင်းကိုတော့ အထူးရှင်းရန် လိုမည် မထင်ပါ။ မည် သူမဆို ခေတ်၏ ရေစီးကို မလွန်တတ်ကြပါ။ ကျွန်မ စာစရေး သော ၁၉၅၅ ခုနှစ် ဇန်းမော်တင်အောင်၊ စစ်ကိုင်းဦးဘိုးသင်း၊ ဆင်းဖြူကျွန်းအောင်သိန်း စသဖြင့် ရှေ့ကရှိနေသည်။ တိုင်းရင်းမေထဲမှာ ဆိုလျှင် လက်ပံတန်း၊ နွဲ့ သဇင်၊

ရွှေဘိုတူးမာတဲ့၊ ရွှေကျွန်းရီလေးတဲ့၊ အုတ်မလွမ်းမတဲ့ မြောင်းမြ ခွာဖြူတဲ့၊ ပုသိမ်လှလှသီ တဲ့။ သည်တော့ကိုယ်လည်း ရွှေကူမေနှင်းပေါ့။ ဥပမာ- ရွှေမြိုင်၊ ရွှေမန်းလို ရှေ့က ရွှေပင်ထည့်စရာ မလို။ နဂိုက ရွှေပါပြီးသား။ အော်ရီဂျင်နယ် ရွှေ.....ဟု လက်မများ ပင် ထောင်ခဲ့သေး၏ ။

ကျွန်မတို့စာရေး ဆရာလောကတွင် ကွယ်ရာ၌ နာမည် ပုက်နှင့်ခေါ်ကြတာရှိသည်။ ဥပမာ- ဆင်ဖြူကျွန်းအောင်သိန်းကို ဆင်ကြီး၊ ကလေးစာပေးရေးသားထုတ်လုပ်သူ မောင်ခတ်ထွန်းကို Childern writer၊ ပြီတော့ ကီဂီတဲ့။ နံကရိုင်းမယ်တော့တဲ့ စသဖြင့် ချစ်စနိုးများ ပါ ကျွန်မကို ဘယ်လို ခေါ်ပါလိမ့်ဟု တထိတ်ထိတ်နှင့် စုံစမ်းသော အခါ ရွှေကူတဲ့။ တော် ပါသေး၏ ။ ရာဇအိမ်မို့။

## ရုပ်ရှင်စတား၊ ၁၉၉၅၊ ဩဂုတ်လ

*

## တစ်ဆယ်ငါးနှစ် သမီး ကလောင်ရှင်

ချောကလက်

၁၉၅၅ ခုနှစ် ။ မတ်လ ၁ ရက်နေ့ထုတ် တိုင်းရင်းမေဂျာနယ်တွင် “ချောကလက်” အမည် ရှိ သော ဝတ္ထုတိုလေး ပါလာလေသည်။ “ရွှေကူမေနှင်းရေးသည်” ဟု “ပန်းချီဘလုံလေး” လက်ရာ ဖြင့် ဖော်ပြထားသည်။ ရွှေကူမေနှင်း၏ ပထမဆုံး ဝတ္ထုတည်း။

မိစံသည် ပန်းချီပုံနှင့် ပုံနှိပ်စာလုံးလေးများ ကို စာရွက်ပေါက်ထွက်မတတ် ကြည့်သည်။ (၁၅) နှစ် အရွယ်ကျောင်းသူ တိုင်းရင်းမေ၏ သင်ခန်းစာပြ ဝတ္ထုကောင်းလေးတစ်ပုဒ် ဖြစ်ရာ ဝတ္ထုပါ အချက်များ ကို အခြားတိုင်းရင်းမေအမျိုးသမီးများ သတိပြုဆင်ခြင်နိုင်ကြပါစေသတည်း။ အယ်ဒီတာ)

အတော် လာသော ငါပါတကားဟု မိစံ ဘဝင်မမြင့်ပါ။ ဝမ်းသာတာပဲ

ရှိသည်။ အသက် ဆယ့်ငါးနှစ် အရွယ်နှင့် ဝတ္ထုရေး နိုင်တာကို ဂုဏ်ယူရမှန်း မသိ။ ကိုယ့်ဝတ္ထုပါလာတာကို ပီတိ ဖြစ်နေ တာပဲ နားလည်သည်။ ပြီးတော့ ရှက်သေးသည်။ ဝတ္ထုထဲမှာ ပါသော အချက်အလက်များ မှာ ယခု အချိန်ကနေ ၍ ပြန်ကြည့်လျှင် ဘာမှ မထူးဆန်းသော်လည်း ထိုစဉ်က (လွန်ခဲ့သော နှစ် ပေါင်း သုံးဆယ့်သုံးနှစ် က) တော့ စိတ်ဝင်စားဖွယ် ကောင်းဟန်တူပေသည်။

ရည်းစားများ ၍ ရောဂါရသွားသည်အထိ ဒုက္ခ ဖြစ်သွားသော ကျောင်းသူတစ်ယောက် အကြောင်း အရေး တယူဖွဲ့နွဲ့ထားသည်။ သင်ခန်းစာပေးဟူသော တိုင်းရင်းမေမူနှင့် ကိုက်ညီ၍ ထည့်လိုက်ခြင်း ဖြစ်ချင်လည်း ဖြစ်မည် ။ ဘာပဲ ဖြစ် ဖြစ်မိစံသည် "ရွှေကူမေနှင်း" ဆိုသော ဝတ္ထုရေး သမာ ဖြစ်နေခဲ့လေပြီ။

ရှစ်တန်းမှာ ကျောင်းတက်ဆဲ ဖြစ်၍ ကျောင်းကလူတွေ သိမှာ လည်း စိုးသည်။ နောင် ဝတ္ထုတို ပို့သော အခါ စာအိတ်ထူနေလျှင် ဝတ္ထုမှန်း စာတိုက်ကလူတွေ သိမည် စိုး၍ စာအိတ်ကို မီးပူနှင့် ဖိရ ရှာလေ၏ ။

ရေး ထားသော လက်ရေး စာရွက်များ ကို ဘယ်သူ့မှမပြရဲ့ အိမ်ကလူတွေ မြင်မှာ လည်း စိုး သည်။ အထူးသဖြင့် ဝတ္ထုထဲမှာ ချစ်ရေး ချစ်ရာတွေ ပါနေလျှင် မိစံကို ချစ်စိတ်ဝင်စားနေသည်ဟု အထင်ခံရမှာ အကြောက်ဆုံး။ ထိုစဉ်က သီချင်းဆိုလျှင်ပင် "ချစ်"ဆိုသော စကားလုံးနေရာရောက် လျှင် လျှာမရဲသော မိစံ ဖြစ်၏ ။

ကိုယ့်ဟာကိုယ်တော့ ကြိတ်ပြီးအားတက်နေသည်။

စာတွေ ပါ ဖတ်သည်။

နွေရာသီ ကျောင်းပိတ်သော အခါ စာကြည့်တိုက်သော့ တောင်းပြီး စာကြည့်တိုက် အဆောက် အအုံမှာ ပင် သူငယ်ချင်းတစ်ယောက်ခေါ်ပြီး ရိက္ခာပြည့်အစုံနှင့် တစ်နေကုန် တံခါးပိတ် ပြီး ဖတ်ခဲ့သည်။ စာဖတ်ရသော

အရသာကိုလည်း ဘာနှင့်မ မလဲနိုင်။ စာဖတ်နေလျှင် လောကကို မေ့သည်။

ကိုးတန်းတက်သော နှစ် ။

စာပိုရေး ဖြစ်သည်။

တက္ကသိုလ်ဝင်တန်း အစိုးရစစ်မို့ စာကြိုးစားရသည်ဆိုသော်လည်း မိစံတို့ခေတ်မှာ အချိန်ပို ပါသည်။ သင်သမျှစာကို နားလည်အောင် ကျောင်းမှာ ကတည်းက လိုက်ခဲ့သည်။ ညတစ်ခါ ပြန်ဖတ် သည်။ဒါပါပဲ။

ညနက်သည့်အထိ စာမကျက်ဖူးပေ။

အိမ်နှင့် မနီးမဝေးမှာ ရဲဌာန (ဂါတ်တဲ) ရှိသည်။ ညကိုးနာရီကစ သံချောင်းခေါက်သည်။ မိစံ ကျိန်ပြောရဲပါ၏ ။ ညဆယ်နာရီ သံချောင်းခေါက်သံကို တစ်ခါမှ မကြားဖူးခဲ့ချေ။ ကျောင်းစာကို ညနေခြောက်နာရီမှ ကိုးနာရီအထိ ကျက်သည်။ ညနေပိုင်းတွင် အပြင်စာဖတ်သည်။ ကျောင်းပိတ် ရက်များ မှာ စာရေး သည်။ ကျောင်းကပွဲများ ၊ ပြဇာတ်များ မှာ ဝင်ကရ၏ ။ စာကျက်လည်းမပျက်။ စာမေးပွဲလည်း အဆင့်တစ်မှာ ပဲ ထာဝရနေသည်။ မိစံ၌ ဘာသော ကမှ မရှိ။ ရွှေကူစာစစ်ဌာနမှ တစ်ယောက် မအောင်ဟုဆိုလျှင်တော့ မတတ်နိုင်။ တစ်ယောက်အောင်သည်ဆိုလျှင် ထိုတစ် ယောက်သည် ငါ ဖြစ်ရမည် ဟု တိတ်တိတ်ကလေးစိတ်တင်းထားသည်။ သည်တော့ အပြင်စာ ဘယ်လောက်ဖတ်ဖတ် ကျောင်းစာကိုလည်း မလွတ်စေခဲ့ပေ။

အတန်းထဲမှာ ကဗျာဖွဲ့နည်း သင်ရ၏ ။

ချက်ချင်း ကဗျာစပ်ပြီး ပြရသည်။

အပြိုင်အဆိုင် အပြေးအလွှား စပ်ကြရသည်မှာ ပျော်စရာကောင်းလှသည်။ ကဗျာကို မိစံ သဘောကျသည်။ ခြောက်တန်းမှာ နေစဉ်ကပင် “ဆန်းစခါနွေ သာတပေါင်းမို့ ညှာညှောင်းကြွေ” အစရှိသော

ဆရာမင်းသုဝဏ်၏ “ကဗျားပန်းကုံး”ဆိုသော ကဗျာပေါင်းစုံပါသည့် စာအုပ်သင်ရသည်။ စာသင်ရသည်ဟု မပင်ပန်း။ ကဗျာတွေ ကျက်ရတာ ကို ပျော်သည်။ စကားပြေ ပြန်ရတာ ကို စိတ်ဝင်စားသည်။

အင်္ဂလိပ်စာမှာ လည်း Golden Gate ဆိုသော ကဗျာစာအုပ် သင်ရ၏ ။ အတော် ခက်သည်။ ခက်သလောက် ပျော်စရာကောင်းလှသဖြင့် ထိုဂိုးလ်ဒင်းဂိတ်ကြီးကိုလည်း မကြောက်ခဲ့ချေ။

စာကိုမကြောက်သဖြင့် စာမေးပွဲအောင်ခဲ့တာ ဖြစ်နိုင်သည်။ မိစံ မကြိုက်တာ သင်္ချာနှစ် ပဲ ဖြစ် ၏ ။ ဂျော်မက်ထရီကို ဘယ်လိုမှ မစဉ်းစားချင်။ ထို့ကြောင့် သင်္ချာတစ်မှာ အမှတ်ပြည့်တစ်ရာရ သော်လည်း နှစ် ကိုအမှတ်လေးဆယ်ဖိုးပဲ ဖြေခဲ့သဖြင့် ဂုဏ်ထူးမထွက်ကောင်းလားဟု ဆရာ မ အဆူခံရသည်။

ဘာသာပေါင်းစုံလျှင်မူ အမှတ်ကောင်းသဖြင့် မိစံ First Division ခေါ် ပထမဆင့် ရ သည်။ တက္ကသိုလ်စကောလားရှစ်ရသည်။ သူများ တွေ ညလုံးပေါက်စာကြည့်ပြီး ဘာလို့ မဖြေနိုင်ကြတာပါ လိမ့်ဟု မိစံအံ့သြဖူးသည်။ စာဖြေလျှင် ကျက်ပြီးသားစာများ ကို မျက်စိမှိတ်ပြီး စဉ်းစားလိုက်သော အခါ အကြောင်းလိုက် ပြန်မြင်တာကို လူတိုင်းသည်လိုပဲ မြင်ကြမှာ ပဲဟု ထင်ခဲ့၏ ။ “မှတ်ဉာဏ်” ဟူ သော ဦးနှောက်ကောင်းခြင်းကို ကျေးဇူးတင်ရမှန်း ခုမှသိသည်။ မိစံ ဘာမှ ထူးထူးခြားခြား ကြိုးစား ခဲ့သူမဟုတ်ချေ။

အားတိုင်းဝတ္ထုရေး ဖို့ စိတ်ကူးနေသည်။ ဘာပဲတွေ တွေ ဘာပဲမြင်မြင် ဝတ္ထုကိုတွေ းနေ သည်။ အိမ်ရှေ့က ဧရာဝတီမြစ်ကမ်းပါးမှာ ထိုင်ရင်းသာသာလေးစီးနေသော ဧရာဝတီကိုကြည့် သည်။ သော င်ပြင်ကို ကြည့်သည်။ ကချင်တောင်တန်းများ ကို လှမ်းကြည့်သည်။ ကောင်းကင်က တိမ်တိုက်တွေ ကို ကြည့်သည်။ မိုးကုပ်စက်ဝိုင်းကိုကြည့်သည်။ အိပ်တန်းပြန် ငှက်တွေ ကိုကြည့် သည်။

သည့်ဟာတွေ ထဲမှာ ဘာအကြောင်း ရေး ရပ့်ါမလဲဟု မိစံ ရှာခဲ့လေသည်။

**မြတ်လေးမဂ္ဂဇင်း၊ ၁၉၈၈၊ ဇူလိုင်လ။**

*

## ကျေးဇူးရှင် တိုင်းရင်းမေ

ရန်ကုန်မရောက်ဖူးမိကပင် ဤ "သင်္ဂဟ" တည်းဟူသော လမ်းကို ရင်းနှီးခဲ့ရ၏ ။ အမှတ် (၃၂)။ သင်္ဂဟလမ်းဟူသော လိပ်စာကို အလွတ်ရခဲ့၏ ။ တိုင်းရင်းမေဂျာနယ်တိုက်ပါ။ ကျွန်မကို မွေး ဖွားသန့်စင်ပြီး မတ်တတ်ရပ် လမ်းလျှောက်တတ်အောင် လေ့ကျင့်ပျိုးထောင်ပေးခဲ့သော မိခင်တိုက် ပင် ဖြစ်ပါ၏ ။

ပထမဆုံးအကြိမ် ကျွန်မ၏ အတိုအထွာစာလေးများ ကို မစန်မေ၊ (မစန်းမေမဟုတ်ပါ။) အမည် ရင်းဖြင့် ပို့မိ၍ လူသိသွားသဖြင့် ကလောင်အမည် ရေး ခဲ့ရသည်။ ကလောင်အမည် ဖြင့် ပို့ လျှင် လူမသိတော့ဘူးဟု ထင်၏ ။ သို့ သော် တစ်ခုရှိနေသည်။ စာတိုက်ကလူများ စာကိုမှတ်ပုံတင်ရ မည် ဖြစ်ရာ ပေးပို့သူနေရာ၌ ကိုယ့်နာမည် ရင်းကို ရေး ရတော့မည် ဖြစ်သည်။ သည့်အခါ ဂတ္တုရေး ကြောင်း သိကြတော့မည် ။ စာအိတ်ကြီးကလည်း ဂတ္တုမို့ စာရွက်တွေ တစ်ထပ်ကြီး ဖြစ်၍ ဖောင်းနေ သည်။ ဘာလုပ်ရပ့်ါမလဲ၏ ။ ကျွန်မသည် ဖောင်းနေသော စာအိတ်ကြီးကိုကြည့်ကာ ချွေးပြန်နေခဲ့ ၏ ။ နောက် အကြံရသည်။ မီးသွေးမီးပူကြီးကိုယူကာ စာအိတ်ကို အကြိမ်ကြိမ်မီးပူတိုက်လေ၏ ။

မည် သို့ ပင် စာအိတ်ကို မီးပူတိုက်စေကာမူ ဂတ္တုပါလာသော အခါ အားလုံးသိကြတာပါပဲ။ တစ်ရက်နှစ် ရက်အတွင်း း သိသွားခဲ့ကြသည်ပင်။ ဤတွင် ယခုခေတ်နှင်ကွာပုံကို တွေ းမိ၏ ။ ယခု အခါမှာ မဂ္ဂဇင်းတွေ များ ပြားသည်။ စာဖတ်သူလည်း ပိုမိုလာသည်မှတ်။ သို့ သော် ကလောင် တစ်ချောင်း ဖြစ်ဖို့ မွေးမြူရသည်မှာ ခက်သည်။ တစ်နည်းပြောရလျှင် လူသိသော ကလောင် ဖြစ်ရေး

သည် ကြန့်ကြာ၏ ။ဥပမာ- ဖေးဖေးမပြလိုပါ ယခု ကျွန်မရေး နေသော "ဖြောင့်ချက်နှင့် အရင်တုန်း က" စာပေဆောင်းပါးများ ကို ဖတ်ရသူ မများ ပြားချေ။ တစ်နည်း လူမသိချေ။ မဂ္ဂဇင်းတွေ များ ပြီး လျှံနေသော ကြောင့် ဖြစ်၏ ။ ကျွန်မ၏ အမည် ရင်းအပြင် ကျွန်မ၏ ကလောင်ခွဲ (၃) ခုရှိတာကိုလည်း လူတွေ မသိကြ။ ယခုခေတ်တွင် လူသိသော ကလောင်တစ်ချောင်း ဖြစ်လာရန် အချိန်အတော် ကြာသည်။

အရင်တန်းကမူ သည်လိုမဟုတ်။ တစ်ပုဒ်နှစ် ပုဒ်ပါရုံနှင့် သိကုန်သည်။ အဘယ့်ကြောင့်မူ စာစောင်အမျိုးအမည် က နည်းသည်။ လူတိုင်းသည် စာစောင်ကိုပဲ ဖတ်ကြသည်။ သည်တော့ ဘယ်စာစောင်ထဲပါပါ။ လူသိတော့သည်ပေ့ါ။ ထို့ပြင် ကျွန်မသည် နာမည် ရှေ့က မြို့နာမည် ကို ထည့်ထားရာ သည်မြို့မှာ သည်လူပဲ ဖြစ်ရမည် ဟု စောစောက မစန်းမေနာမည် ဖြင့် ရေး ခဲ့သော လက်စနှင့် ထင်လိုက်ကြ၏ ။ ကျွန်မလည်း ရှက်ပေမယ့် ဂမ်းသာနေသော မျက်နှာကြောင့် မငြင်း ဖြစ် တော့ပေ။ ဤသို့ ဖြင့် တိုင်းရင်းမေဂျာနယ်ထဲက ရွှေကူမေနှင်း။

ယနေ့ အသက်အရွယ်ခပ်ကြီးကြီးလူများ (အထူးသဖြင့် အမျိုးသမီးကြီးကြီးများ ) နှင့်မိတ် ဆွေ ဖြစ်ရလျှင် တိုင်းရင်းမေထဲမှာ ငယ်ငယ်ကတည်းက ဖတ်ဖူးပါတယ်ဟု တညီတညွတ်တည်း ပြောတတ်ကြပေသည်။ ကျွန်မအဖို့ တွင် တိုင်းရင်းမေ၏ ကျေးဇူးသည် ကြီးမားစွ။

အရင်တုန်းက တိုင်းရင်းမေဂျာနယ်တွင် အယ်ဒီတာမှာ ဆရာသခ်ါ ဖြစ်၏ ။ အမျိုးသမီးဘက် ဆိုင်ရာများ တွင် ကဏ္ဍအလိုက် အယ်ဒီတာများ ရှိသည်။ တာဂန်ခံများ ရှိသည်။ ပါဂင်သော ကဏ္ဍ များ ကလည်း မြိုင်ဆိုင်လှသည်။ ရှေ့ပိုင်းမှ အဖွင့်ကဗျာရှိ၏ ။ ထိုစဉ်က အဖွင့်ကဗျာအခန်းတွင် ဒေါင်းနွယ်ဆွေ၊ နောင် စသည့် ပါရင့်ကဗျာဆရာကြီး များ ရေး လေ့ရှိ၏ ။ ၎င်းနောက် စာမျက်နှာများ တွင် မှ ရှေ့ခန်းကဗျာများ ရှိ၏ ။ ထိုအခန်းမှာ ကလောင်စုံဆုံး ဖြစ်သည်။ ယနေ့ ရှင်သန် ဖြစ်တည်နေ ကြသော ကဗျာဆရာအများ စုသည် ထိုအခန်းမှာ

စတင်မွေးဖွားလာကြသူများ ဖြစ်သည်။ ဥပမာ- မောင်လင်းယုန် (ရှမ်းပြည်)။ ထီလာစိုးမြင့်ထယ်၊ မောင်ဆွေတင့်၊ မောင်သင်းခိုင်၊ ဇော် (ပျဉ်းမနား)၊ မောင်တည်ငြိမ်၊ ရွှေဖြူးလွင်သဥ္ဇာ၊ သူရဇော်၊ မေဇော် (ရန်ကုန်တက္ကသိုလ်) နုသဇင် (သင်းရိပ်သာ)၊ မောင်လွန်းကြင်၊ တက္ကသိုလ်မင်းမော်စသဖြင့် များ ပြားလှ၏ ။

ထိုကဗျာအခန်းမှာ ကဗျာတွေ က ပီပီပြင်ပြင် ကဗျာများ ဖြစ်သည်။ ကဗျာသင်ချင်သူများ အတွက် အထဲတွင် "ကဗျာဥယျာဉ်မှူးအခန်း" ဆိုတာရှိသေးသည်။ ထိုအခန်းတွင် ကား လက်သင် ကဗျာလေးများ ကို ဖော်ပြပေးပြီး ဥယျာဉ်မှူးက ဘာလိုသည်။ ဘယ်လို ဖြစ်သင့်သည် စသည်ဖြင့် ပြု ပြင်ပေးခြင်း ဖြစ်လေသည်။ ထိုဥယျာဉ်မှူး အခန်းတွင် ကဗျာရှင်တို့၏ ဓာတ်ပုံများ ကို ဖော်ပြပေး သည်။ ငယ်ရွယ်သူ မိန်းကလေးများ ကိုယ့်ဓာတ်ပုံပါချင်တာနှင့် ရေး ပို့တာများ မျိုးလည်းရှိနိုင် သည်။ ထိုအခန်းမှနေ၍ ရှေ့ခန်းတက်သွားသူများ လည်းရှိသည်။ ဤသို့ ဖြင့် တိုင်းရင်းမေ ဂျာနယ် သည် ကဗျာအတွက် အလွန့်အလွန် တာဝန်ကျေပွန်ခဲ့သည်ဟု ဆိုရပါမည် ။

၁၉၅၉-၆၀ ခန့်တွင် ကဗျာအယ်ဒီတာဟူ၍ သီးသန့်ရှိလာသည်။ ဆရာဒေါင်းနွယ်ဆွေ ဖြစ်၏ ။ ကိုယ်တိုင်က ကဗျာဆရာ ဖြစ်ရာ ကဗျာကိုချစ်သကဲ့သို့ ကဗျာရေး သူများ ကို ချစ်သူတည်း။ ကဗျာကို ပြုစုပျိုးထောင်ရာတွင် လည်း စံတင်ထိုက်သူ ဖြစ်ပါလိမ့်မည် ။ ဆရာဒေါင်းနွယ်ဆွေကွယ်လွန်ခါနီး တွင် "ငါသေခဲ့လျှင် ဘာအမွေပေးရပါ့မလဲ" ဟု စဉ်းစားရာ "ကဗျာကိုသာ အမွေပေခဲ့မည် ဟု သဘော ပါသော " ကဗျာကို ရေး ခဲ့သည်။

မှန်ပါသည်။ ဆရာဒေါင်းသည် ကဗျာကိုဖက်တွယ်သူ ဖြစ်သလို ကဗျာရေး သူများ ကိုလည်း ဖက်တွယ်ခဲ့၏ ။ ကဗျာတစ်ပင်ပေါက်လျှင် မနည်းဟု ယူဆ၏ ။ ကျွန်မသည် စကားပြေနှင့် စတင်ရေး ခဲ့သူ ဖြစ်ပြီး ဝတ္ထုများ သာ တစိုက်မတ်မတ်ရေး ရာက သူငယ်ချင်းတစ်ဦးနှင့် ပတ်သက်ပြီး မခံချင်သဖြင့် ကဗျာရေး ခဲ့ဖူး၏ ။ တက္ကသိုလ်ဂင်တန်းမှာ တုန်းက ကဗျာစပ်နည်းကို ပြဋ္ဌာန်းခဲ့၍

နည်း နိသျများ ကို သိ၏ ။ အ ဖြစ်လောက် စပ်တတ်၏ ။ ထို့ကြောင့် ကဗျာစပ်ပြီး တိုင်းရင်းမေသို့ ကိုယ်တိုင် သွားပို့သည်။ ဆရာဒေါင်းသည် ချက်ချင်း ဖတ်ကြည့်ပြီး စက်ခန်းထဲ ဝင်သွားသည်။ ပြန်ထွက်လာ အခါ ရှေ့အပတ်ပါမယ်။ ထည့်ရိုက်လိုက်ပြီဟု ဆိုလေသည်။ ဆရာဒေါင်းကား ကဗျာရေး သူများ ကို ဤသို့ လျှင် ကြိုဆိုတတ်သူပါ။

တိုင်းရင်းမေဂျာနယ်တိုက်သို့ စ၍ ရောက်သော နှစ် မှာ ၁၉၆၅ ခုနှစ် ဖြစ်သည်။ တက္ကသိုလ် ဝင်တန်းအောင်ပြီး ရန်ကုန် ဆဂာအတတ်သင်သိပ္ပံလာတက်ရသော နှစ် ဖြစ်၏ ။ သင်္ဂဟာလမ်း၊ ကျောက်မြောင်းသို့ ကိုယ့်ဘာသာ ရှာဖွေပြီးသွားရသည်။ ထိုစဉ်က သုံးဘီးကား လေးဘီးတက္ကစီ များ မပေါ်သေး။ ဘတ်စ်ကားများ ချောင်လှသည်။ ကိုယ့်ဘာသာ လမ်းလျှောက်သွားလျှင် လိုက်မ လားဆိုပြီး ရပ်ခေါ်တတ်သည်။ မှတ်တိုင်မဟုတ်လည်း တားစီး၍ ရသည်။

ကျွန်မသည် ဆရာအတတ်သင်မှ သူငယ်ချင်းတစ်ယောက်ကို အဖော်လုပ်ပြီး သင်္ဂဟာလမ်း ရှာသည်။ ကျောက်မြောင်း၊ သင်္ဂဟာလမ်းဆိုပြီးမေးသည်။ တိုင်းရင်းမေဂျာနယ်ဟုမေးသည်။ လူတိုင်းပြောပြနိုင်ကြ၏ ။ လမ်းညွှန်နိုင်ကြ၏ ။ တိုင်းရင်းမေဂျာနယ်ဆိုတာ ဆိုင်းဘုတ်ကြီးကား ကြီး မားထည်ဝါခိုင်မြဲလှ၍ ဖြစ်၏ ။ ယခု ခေတ်လို မဂ္ဂဇင်းတိုက်က ဟိုပြောင်းသည်ရောက် အခန်းနီးချင် ပေမယ့် မေး၍ မရသော အခြေအနေမျိုးမဟုတ်ချေ။

အယ်ဒီတာ ဆရာသ၃ါကိုတွေ့ ရ၏ ။ ဆရာသ၃ါသည် ထိုစဉ်က အသက် (၅၀) ပတ်ဝန်း ကျင်လောက်ထင်ပါ၏ ။ ဆရာ၏ သွင်ပြင်မှာ အေးချမ်းသည်။ ငြိမ်သက်သည်။ ညင်သာ သည်။ စကား ပြောသံကလည်း တိုးတိုးသက်သာ ဖြစ်၏ ။ ကျွန်မ ပထမဆုံးဝတ္ထုပါပြီးနောက် အထူးထုတ် အတွက် ဓာတ်ပုံတောင်းသဖြင့် ပေးလိုက်ရသည်။

(ဤအချိန်တွင် သိပ်မရှက်တော့ချေ။) ဓာတ်ပုံမှာ ဆံတောင်ဖားလေးနှင့်

ရောင်ထုံးလေးနှင့် ဖြစ်၏။ ကျွန်မတို့ အထက်တန်းကျောင်းသူဘဝတွင် အတော်များများ သည် ဘော့လ်ဟဲယားခေါ် ဆံဆိုးထားနေကြပြီ ဖြစ်၏။

ကျွန်မကား ဆံတောက်ကို အုပ်လုံးမသိမ်းပေ။ ဆယ်တန်းအောင်ပြီးမှ သိမ်းမည် ဟု ဆုံးဖြတ် ထားသည်။ (ဘာအကြောင်းပြချက်မှမတော့ မရှိ။)။ ဆယ်တန်းအောင်သော အခါ မိမိ ဆုံဖြတ်ချက်အတိုင်း အုပ်လုံးသိမ်းလိုက်၏။ ထို့ကြောင့် ဆရာသခ်ါထံ ရောက်သော အခါ ဆံတောက် ကလေး မဝင့်တဝင့်နှင့် အပျိုပေါက်ကလေးမျှ ဖြစ်နေသည်။ ဆရာက ပြုံးနေ၏။ ဂတ္ထု ကလေးတွေ ကောင်းကြောင်း၊ ဆက်ရေး ရန်တိုက်ကြောင်းပြောသည်။ စကားသံတိုး၍ မနည်း နား ထောင်ရ၏။

ဂတ္ထုကို တစ်လလျှင်သုံးပုဒ်ထည့်သည်။ တိုင်းရင်းမေဂတ္ထုလေးများ သည် အမြဲတမ်း ပန်းချီ ဘလုံးလေးလက်ရာများ နှင့် ဖြစ်၏။ ပုံလေးတွေ က မျက်စိထဲ အမြဲယဉ်နေသည်။ ဘလုံးလေးသည် ဂတ္ထုဖတ်ပြီးမှ ဂတ္ထုထဲက ဇာတ်လမ်းအရ အကွက်တစ်ကွက်ကို ပုံဖော်ခြင်းပြုသည်။ သာမာန်လူတို့ အဓိပ္ပာယ်မဖော်နိုင်သော ဘာမှန်းမသိရသည့် ခြစ်ရာအကြောင်းများ အစ်ကများ မပါချေ။

သည်အခါ စာရေး သူတို့သည် ကိုယ့်ဂတ္ထုလေးကို ဘယ်လိုပုံဖော်မလဲဟု အမြဲပင် စိတ်ကူး ယဉ်ရ၏။ ဘလုံးလေး၏။ ပန်းချီပုံများ သည် ကျွန်မအတွက်လား အမြဲပင် ကျွန်မ ဖြစ်စေချင်သော အကွက်နှင့် ပုံများ ချည်း ဖြစ်ခဲ့လေသည်။

ဂတ္ထုနှင့်ပတ်သက်၍ ကဏ္ဍတစ်ခုလည်းရှိသည်။ ၄င်းကဏ္ဍမှာ ပြန်ကြားချက်အခန်း ဖြစ်၏။ ပေးပို့သော ဂတ္ထုများ ကို ဖတ်ရှုပြီး ရွေးလျှင် ရွေးကြောင်း၊ ပယ်လျှင် ဘာကြောင့်ပယ်ကြောင်း အကျိုး နှင့်အကြောင်းနှင့် ဖတ်ချင်စဖွယ် တစ်ဦးချင်းကို ပြန်ကြားခြင်း ဖြစ်၏။ ၎င်းကဏ္ဍကို အမြဲ စောင့်ဖတ်ရသည်။ သူများ ကို ပြန်တာလည်း ဖတ်ရသည်။ ခြုံလိုက်လဆင် ဂတ္ထုရေး နည်းကို အကြမ်းဖျင်းရနိုင်လေသည်။ ထို့ကြောင့် တိုင်းရင်းမေသည်

ဂတ္ထုနှင့်ပတ်သက်၍ တာဂန်ကျေသည်။

## ရုပ်ရှင်စတား၊ ၁၉၉၆၊ အောက်တိုဘာလ

*

## တိုင်းရင်းမေသင်တန်းဆင်း

မိမိရေး ခဲ့သော စာများ အတွက် နောင်တဟူသည် မရှိလျှင် အကောင်းဆုံး ဖြစ်။ ကျွန်မ သည် မိမိရေး ခဲ့သော စာများ အတွက် နောင်တမရှိပါ။ သို့ သော် အမှား များ ကားရှိပါသည်။ အမှား ဆိုသည် မှာ အယူအဆအမှား မဟုတ်။ အယူအဆအမှား ကိုမူ ကျွန်မ မကျူးလွန်ခဲ့ဖူးပါဟု ထင်ပါသည်။ ကျွန်မသည် ၁၉၅၅ ခုနှစ် တွင် ဂတ္ထု စရေး သဖြင့် ထိုခေတ်၏ ခေတ်ပြိုင် ရောင်ပြန်ရိုက်ခတ်မှုများ အောက်တွင် ရှိခဲ့သည်မှာ မှန်၏ ။

စရေး သော စာစောင်မှာ တိုင်းရင်းမေဂျာနယ် ဖြစ်ခြင်း၊ တိုင်းရင်းမေအယ်ဒီတာများ က “ပြန်ကြားချက် သဂဏ်လွှာ” ဆိုပြီး အခန်းကဏ္ဍသီးသန့်ဖွင့်လျက် မရွေးသော (သို့ မဟုတ်) ရွေးသော စာမူများ အပေါ် ဘာလိုသည်။ ဘယ်လို ဖြစ်သင့်သည်စသဖြင့် သင်တန်းသဖွယ် ပေးခဲ့ ခြင်းတို့ကြောင့် ကျွန်မသည် တိုင်းရင်းမေသင်တန်းဆင်းဟု ဆိုရပါမည် ။ ဤကဲ့သို့ တိုင်းရင်းမေ သင်တင်းဆင်း ဖြစ်ရခြင်းအတွက် ယနေ့အထိ ဂုဏ်ယူရဆဲလည်း ဖြစ်ပါ၏ ။

တိုင်းရင်းမေသည် စာရေး သမား အများ အပြားကို မွေးဖွားပေးခဲ့သော မိခင်ကြီးတည်း။

ထိုသို့ တိုင်းရင်းမေသင်တန်းဆင်း ဖြစ်သည့်အတွက် ကျွန်မသာမက ကျွန်မနှင့် ခေတ်ပြိုင် ရေး ဖော်ရေး ဖက် (တိုင်းရင်းမေ သင်တန်းဆင်း) တိုသည် တိုင်းရင်းမေ၏ မူဝါဒအတိုင်း ဂတ္ထုဆို လျှင် အစုံတစ်ရာကို သင်ခန်းစာပေးနိုင်ရမည် ဟုမှတ်ယူခဲ့ကြပါသည်။ ထိုအယူအဆသည် ယခုထိ လည်း မမှား ဟု ကျွန်မထင်။

ဝတ္ထုဖတ်သူအတွက် အကျိုးတစ်စုံတစ်ရာ ပေးနိုင်ခြင်းသည် မကောင်း ပါလော။

ထိုဂါဒကို လက်ကိုင်ပြုခဲ့သော ကျွန်မသည် မြင်မြင်ရာကို ဝတ္ထုရေး ရန်တွေ းသော အခါ ဘယ်လိုသင်ခန်းစာပေးပြီး အဆုံးသတ်မည် လဲဟု အမြဲစဉ်းစားပါသည်။ စာဖတ်သူသည် အကျိုးတစ်စုံတစ်ရာကိုရစေရမည် ဟု တွေ းပါသည်။ ထိုစဉ်က မြန်မာနိုင်ငံ၏ လူမှုအသိုင်းအဝိုင်းမှာ ငွေရှင်ကြေးရှင်နှင့် ဆင်းရဲသားအလွှာ ကွဲပြားမှု၊ မြန်မာအမျိုးသမီးများ ကုန်သွယ်ရှင် ဖြစ်ရန် လိုအပ်မှု၊ နိုင်ငံခြားယဉ်ကျေးမှုဆန့်ကျင်ရေး စသည်တို့အပြင် ပြည့်တန်ဆာပပျောက်ရေး တို့ကိုပါ တိုင်းရင်း မေက ဆောင်းပါးပြိုင်ပွဲခေါ်ပြီး မီးမောင်းထိုးခဲ့သည်။

ထို့ကြောင့် ကျွန်မဝတ္ထုလေးများ ၏ ဦးတည်ချက်မှာ လည်း ချောသလောက် ကလက်သဖြင့် ဒုက္ခရောက်ရသော "ချောကလက်" ဝတ္ထု၊ ပစ်တိုင်းထောင်လို အမြဲထောင်မည် ထင်ပြီး မိန်းမပွေ သဖြင့် ဆစ်လစ်ရောဂါရကာ ပစ်တိုင်းထောင်ဖင်စုတ်သွားရသော "ပစ်တိုင်းထောင်" ဝတ္ထု၊ ကျောင်းစာအုပ်ဖိုးအတွက် ကန်းစွန်းရွက်ခူးရင်း မြွေကိုက်ခံရရှာသော "နှင်းနု" စသဖြင့် အနှိမ်ခံ ဘက်၌ ရပ်ခြင်း၊ ရိုးရာယဉ်ကျေးမှု ဖက်တွယ်ရေး ကို အကျင့်စာရိတ္တပြုပြင်ခြင်းဖြင့် ရောမွှေးခြင်း စသဖြင့် ရေး ခဲ့သည်။

သို့ ဖြင့် "သူ့" အကြောင်းကို ကျွန်မ ရေး မိ၏ ။ "သူ" ဟူသော ပုဂ္ဂိုလ်တစ်ဦး၏ နာမည် ကို ကျွန်မ မဖော်ရက်ပါ။ နာမည် အတုလည်း မပေးချင်ပါ။ သူက ကျွန်မ၏ သူငယ်ချင်း ဖြစ်၏ ။ ယခုအခါ သူသည် လူ့ပြည်တစ်နေရာ၌ လှုပ်ရှားရပ်တည်နေသေးသော် လည်း စာရေး ဆရာအသိုင်း အဝိုင်း၌ လည်းကောင်း၊ အသိအကျွမ်းဟောင်းများ အသိုင်းအဝိုင်း၌ လည်းကောင်း မရှိတော့ပါ။ သူနှင့် ကျွန်မ မည် မျှတွဲ ခဲ့သနည်းဆိုလျှင် ကျွန်မတို့ တက္ကသိုလ်မှာ သိကျွမ်းခဲ့ပြီး ယခုပြန်တွေ့ သည့် အပေါင်း အသင်းတိုင်းက ကျွန်မကိုမြင်သည်နှင့် သူကော... ဟု မေးလေ့ရှိ၏ ။

ကျွန်မကလည်း ကျွန်မကိုယ်တိုင် သူ့ကိုတွေ့ ချင်နေပါကြောင်း ပြောရ၏

။ ကျွန်မတကယ် ပင် ကျွန်မသူငယ်ချင်းကို တွေ့ ချင်ပါသေးသည်။ တွေ့ များ တွေ့ လျှင် “သူငယ်ချင်းရယ် ငယ်ငယ်က မင်းအကြောင်းရေး ခဲ့တာ တကယ့်စေတနာနဲ့ပါဟယ်....” ဟုတောင်းပန်ချင်ပါသည်။

ဤစာစုသည် ကျွန်မ မိတ်ဆွေဟောင်းများ ဖတ်ရလျှင်မူ “သူ” ဘယ်သူဆိုသည်ကို ဒက်ခနဲ သိကြမှာ ပါ သေချာ၏ ။ သူသည် ဤမျှ ထင်ရှားသူတည်း။

ကျွန်မတို့ ကောလိပ်ရောက်သော အရွယ်မှာ ၁၆ နှစ် ၊ ၁၇ နှစ် များ ဖြစ်သဖြင့် ရေခဲပလုပ် တုတ်ကို တန်းလန်းစုပ်ရင်း အတန်းထဲဝင်တတ်သည်။ ပြောင်းဖူးပြုတ်ကိုစားပြီး သူများ လွယ်အိတ် ထဲ မသိအောင် ထည့်တတ်သည်။ ရတနာဆောင်မှာ နေပြီး ထီးတန်းကောလိပ်မှာ ကျောင်းတက်ရ ရာ ကျောင်းဖယ်ရီဘတ်စ်ကားကြီးပေါ်ထိုင်ရင်း ကားနံရံကို ထု၍ ထု၍ သီချင်းဆိုတတ်သည်။

ကားက အင်းလျားလမ်းအတိုင်းသွားပြီး အလုံလမ်းသို့ သွားနေကျ ဖြစ်ရာ ဒရိုင်ဘာစိတ်လို လက်ရ ဖြစ်ပြီး ပြည်လမ်းဘက်ကလှည့်မောင်းလျှင် ပြည်လမ်းမကြီးကို ဘွားခနဲမြင်လိုက်သည်နှင့် “ဟေး... ဒါမှ ဒို့ဦးကြီးကွ” ဟု ဩဘာပေးလေ့ရှိပါသည်။ ကျွန်မတို့ကား ပီဘီကလေးများ တည်း။

ဤတွင် သူက တစ်မျိုး။

သူက ကလေးဆနဆန် နေပင်နေငြားသော်လည်း ရည်းစားထားလေသည်။ ရည်းစား ထား တာ အပြစ်မရှိပါ။ အရွယ်ရောက်ခါစ မိန်းကလေးယောကျ်ားလေးများ စုဝေးရာမို့ ရည်းစားကိစ္စက ဖြစ်ကို ဖြစ်ရမည့်ကိစ္စ။ အိမ်ထောင်ဘက် ကောင်းကောင်းရဖို့ဆိုပြီး တချို့တက္ကသိုလ်ပို့ကြသည်ဟူ၍ ပင် ဆိုစကားရှိခဲ့သေးသည်ပဲ။

သူက သည်လို အိမ်ထောင်ဘက်အ ဖြစ် မရည်ရွယ်။ ဘယ်သူ့ကိုမဆို

သူဆွဲဆောင်လိုက် မည် ။ သူနှင့်တွေ့ လျှင် ကျားသတ္တဂါတွေ စွဲသွားစေရမည် ။ သူကချစ်စရာကောင်းပါသည်။ အသား ညိုစိမ့်စိမ့်။ ကိုယ်လုံးကျစ်ကျစ်၊ အထူးသဖြင့် တောက်ပသော မျက်လုံးများ နှင့် ပီယဂါစာ ကြွယ်လှ သော သူ့လေးကိုင်းနှုတ်ခမ်းများ

ရတနာဆောင်ဧည့်ခန်းတွင် ရတနာဆောင် ပေါ်တီကိုတွင်၊ ရတနာရှေ့ ကံ့ကော်ပင်ရိပတ် တွင်၊ အင်းလျာကန်ဘောင်ရိုးတွင်၊ နောက်ဆုံး ရှုပဗေဒဆောင်အခန်းထောင်များ အထိ သူ့ အချစ် နယ်မြေ ကျယ်ပြန့်ကာ တစ်နေရာတွင် လူတစ်ဦးစီ ဖြစ်နေပုံကား မိန်းကလေးတို့ ပြောစရာ ဖြစ်လာ ။ ပြောဆို ကျွန်မက သူနှင့် သူငယ်ချင်း ဖြစ်သဖြင့် ကျွန်မကို လာပြောကြသည်။

( အဲ.. သည်နေရာမှာ မပြောမ ဖြစ် ပြောရမည့်ကားတစ်ခုကို ချန်ထားချင်သော် လည်း သမိုင်းမှန် ဖြစ်ရေး မို့ ပြောပါရစေတော့။ ထိုစကားမှာ အခြားမဟုတ်။ သူသည်လည်း ကျွန်မနှယ်ပင် တိုင်းရင်းမေသင်တန်းဆင်း ဖြစ်နေခြင်းပါ)။

သူ့အခြေအနေက အတော် ကျယ်ပြန့်လာသည်။ နောင်နှစ် တွင် ကျွန်မာလာဆောင်သို့ ပြောင်းရပြီ။ သူက ရတနာမှာ ကျန်ခဲ့သည့်တိုင် ကျွန်မကို လာလာပြောကြ၏ ။ သူချင်းရခိုင်မလေး တစ်ဦးဆိုလျှင် သူ့ရတနာဆောင်သို့ သွားလည်ရင်း မိုးမိ၍ ထီးငှားဆောင်းခဲ့ရာက ထီးကို ရခိုင် မလေးကိုယ်တိုင် သွားမပေးနိုင်၍ သူ့ရည်းစားကို ပို့ခိုင်း ဖြစ်ရာ ရခိုင်မလေးရည်းစားသည်သူ့ရည်း စား ဖြစ်သွားရလေသည်တဲ့။

“ထီးကို မုန်းသည်” ဆိုပြီး ဂတ္ထုရေး စမ်းပါ။

ရခိုင်မလေးက ကျွန်မကို ပူဆာ၏ ။

ကျွန်မလည်း မနေသာတော့ပြီ။ ဒီကိစ္စကို အရေး ယူဆောင်ရွက်မှပဲဆိုပြီး ဂတ္ထုရေး လိုက် သည်။ ဂတ္ထုနာမည် က “ပျံလေးဦး ငှက်စင်ရော်” ။ စင်ရောသည်

အစာမကျက်၍ အစာနောက်လိုက် ရာက ပင်လယ်ထဲ အတောင်ညောင်းပြီး ကျသေလိမ့်မည် ဟု ဆင်သေနှင့် ကျီးမိုက်ပုံပြင်ကို နမူ နာယူကာ ရေး ခဲ့ခြင်း ဖြစ်၏ ။

ဘာပြောကောင်းမလဲ။

တိုင်းရင်းမေတွင် ဂတ္တုပါလာပြီး သုံး၊ လေးရက်မှာ ပင် ကျွန်မအခန်း၌ စာတွေ ပလူပျံနေ၏ ။ ကျောင်းမှပြန်လာတိုင်း သော့ ခလောက်တွင် ထိုးထည့်ထားသော စာတွေ က ကျွန်မကိုဆဲရေး ကြ တော့မည် ဆိုသည်ကိုသိနေ၏ ။ ဆဲလိုက်ကြသည်မှာ ပြောစရာမရှိ။ နင် ဘယ်လောက်နားလည်လို လဲ၊ နင်မစွံလို့ သူများ ကိုရေး တာလား။ နင့်လိုဟာမျိုး ဂရုမစိုက်။ နင် ကြပ်ကြပ်သတိထား။ စကားလုံး အသေးစိတ် မမှတ်မိပါ။ ဖတ်လည်း မဖတ်ရဲပါ။ မှတ်လည်း မမှတ်မချင်ပါ။ စာများ ကို ကိုင်ကာ ကျွန်မ ငို၏ ။ ရှက်သည်။ ဘယ်လိုရှက်မှန်းမသိ။ စာတွေ က လက်ရေး အမျိုးမျိုး။ အမည် အမျိုးမျိုး။ ထူးဆန်းသည်မှာ ယောကျ်ားများ ဖြစ်နေခြင်၊ ပြီးတော့ “သူ” က တိုက်ရိုက်မရေး ခြင်းတို့ ဖြစ်၏ ။

အားလုံးကမူ သူ့အကြောင်းရေး မှန်းသိကြ၏ ။ သူက ပထမနှစ် စာမေးပွဲကျသဖြင့် ဘီအိုစီ ကောလိပ်မှာ ပင်မတက္ကသိုလ်၌ တက်နေပြီ ဖြစ်သော ကျွန်မနှင့် လူချင်းကား မဆုံ ဖြစ်။ သူ့ထံမှ စကား တော့ရောက်လာသည်။ “ဂူတစ်ဂူထဲ ခြင်္သေ့နှစ် ကောင် မအောင်းဘူး” ဆိုပဲ။ စာရေး ဆရာမ ပေါက်စ ဖြစ်နေသော် လည်း အသက် (၂၀) မပြည့်သေးသော ကျွန်မက ထိုစကား၏ အဓိပ္ပာယ်ကို နားမလည်။

ထိုစဉ်က ကျွန်မတွင် “အစ်ကို” ဟုခေါ်ကာ အားကိုးလေးစားရသော လူတစ်ယောက်ရှိခဲ့၏ ။ သူက အင်ဂျင်နီယာကျောင်းသားကြီး ဖြစ်သည်။ သူရောက်လာသော အခါ ကျွန်မသည် စာတပွေ့ တစ်ပိုက်ယူပြီး သူ့ကိုပြကာ အားရပါးရငိုပါသည်။

"သူများ စေတနာကို နားမလည်ဘူး"

ဒါကိုသာ ပလုံးပထွေးပြောမိ၏။

အစ်ကိုကရယ်သည်။ ကျွန်မပဂတ္ထုကိုလည်း သူဖတ်ပြီးပြီ။ ထိုစဉ်က တိုင်းရင်းမေကို တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများ ဖတ်၏။ တက္ကသိုလ် မင်းမော်၊ မောင်ဆွေတင့်၊ မောင် လွန်းကြင်၊ မိုးဂါ၊ မောင်လင်းယုန် (ရှမ်းပြည်)၊ မောင်ပေါက်စည် (မန်းတက္ကသိုလ်) စသော တက္က သိုလ်ကျောင်းသားတို့၏ ကဗျာများ တိုင်းရင်းမေမှာ ပါလေ့ရှိသည်။

"အစ်ကိုက ဂတ္ထုစာသားအချို့ကို ဖတ်ပြပြီး"

ညီမက ဘဲဥကို ကြက်ဥလို့တောင် ပြောင်းမရေး ဘဲကိုး"

ရုတ်တရက် ကျွန်မ နားမလည်ပါ။

"စေတနာနဲ့ ရေး တာမှန်ပေမယ့် အားလုံး တိုက်ရိုက်တွေ ချည်း ဂေးထားတော့ သူလည်း ဘယ်ခံနိုင်ပ့ါမလဲ။ ကြည့်လေ ဘဲဥကိုတောင် ဘဲဥလို့ပဲ ရေထားတယ်"

ဟုတ်ပြီ။ သူက သူနှင့်ချိတ်တိတ်တိတ် ဖြစ်နေသော လူနှင့် စကားပြောသော အခါ ရေလာ နိုင်ရန် မြောင်းဖောက်သော အခန်း။

"ကျွန်မက ဟင်းမချက်တတ်ဘူးနော်"

"ဘဲဥတော့ ပြုတ်တတ်မှာ ပေ့ါ"

"ဘဲဥပြုတ်တစ်မယ်တည်းနဲ့ စားနိုင်လို့လား"

ဟုတ်တာပေ့ါ။ ဘဲဥကိုတောင် ကြက်ဥလို့ ပြောင်းမရေးတတ်သော ကျွန်မပါတကာ။ စာတွေ နှင့် ဆဲတာ တော် လှပြီပေ့ါ။ ချောင်းပြီး အရိုက်ခံရဖို့ကောင်းတာ။

အစ်ကိုရှင်းပြသဖြင့် ကျွန်မ ရယ်မောနိုင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ကျွန်မသည် ဝတ္ထု၏ Plot များ ကို သတိထားနိုင်ခဲ့ပါသည်။ ကျွန်မသည် စိတ်ကူးယဉ်ပြီး ဇာတ်လမ်းဖန်တီးလေ့ရှိသူလည်း မဟုတ်။ လောကဌ် မြင်ရကြားရသည်များ ကို စစ်ယူကာ လိုအပ်သလို ဖွဲ့တတ်သူ ဖြစ်ရာ သူ့ကျေးဇူး ကြောင့် ဘယ်သူ့အကြောင်း ရေး မှန်းမသိအောင် ရေး နိုင်ခဲ့ပါပြီ။

တစ်ခါကများ ဟိုတယ် ဒီစီတီရှေ့တွင် လူတစ်ယောက်နှင့် ဆုံ၏ ။ သူ့အကြောင်း ကျွန်မ အားရပါးရ ရေး ထားသည်။ သူ မသိရှာ ထိုဝတ္ထုကိုပင် သူအလွန် ကြိုက်ကြောင်းပြောပြရင်း ဒံပေါက် ကျွေးပါရစေဆိုပြီး ဟိုတယ်ဒီစီတီတွင် ဒံပေါက်ဝယ်ကျွေးရ။ ကျွန်မက သူကျွေးသော ဒံပေါက်ကို တဖြည်းဖြည်းစားရင်းသူ့ကို တသိမ့်သိမ့်ကြည့်ကာ ကိုယ့်ဟာကိုယ် ကျေနပ်ခဲ့ဖူးပါ၏ ။

ယခု ကျွန်မ သူငယ်ချင်းကိုတွေ့ လျှင် တောင်းပန်ချင်ပါသည်။ ဝတ္ထုရေး နည်း အတတ်ပညာ မတတ်ရှာသေး၍ တိုက်ရိုက်ရေး မိကြောင်း တောင်းပန်ရပါမည် ။ သူငယ်ချင်းနှင့် မတွေ့ ရသည်တိုင် ဤစာကို ဖတ်မိလျှင်လည်း ငယ်ပေါင်းသူငယ်ချင်းကို ခွင့်လွှတ်နိုင်လိမ့်မည် ထင်ပါ၏ ။

**နှင်းဆီမဂ္ဂဇင်း၊ ၁၉၉၆၊ ဖေဖော်ဝါရီလ**

*